ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ

နိုင်ငံတိုင်း အလှည့်ကျအစီရင်ခံရသည့် လုပ်ငန်းစဉ်

ဒုတိယအကြိမ် ၂၀၁၂-၂၀၁၆

၂၃ ကြိမ်မြောက် အစည်းအဝေး

မြန်မာ

အကြံပြုချက်များအား စီစစ်သုံးသပ်ချက်

၂၀၁၆ ခုနှစ်၊ ဧပြီလ

## မာတိကာ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| | | ကျေးဇူးတင်လွှာ | … |
| ၁။ | နိဒါန်း | | … |
| ၂။ | | မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ခြုံငုံသုံးသပ်ချက် | … |
| ၃။ | | အကြံပြုချက်များအား စီစစ်ခြင်း | |
| | ၃.၁။ | အစိုးရ၏ ထောက်ခံမှုကို အပြည့်အဝသော်လည်ကောင်း၊ မူအားဖြင့်သော်လည်းကောင်း၊ တစ်စိတ် တစ်ပိုင်းအားဖြင့်သော်လည်ကောင်း ရရှိခဲ့သည့် အကြံပြုချက်များ၊ | … |
| | ၃.၁.၁။ | အဓိကနိုင်ငံတကာစာချုပ်များတွင် အတည်ပြုပါဝင်ရေး | … |
| | ၃.၁.၂။ | နိုင်ငံတကာ လူ့အခွင့်အရေးစနစ်များနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေး | |
| | ၃.၁.၃။ | ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိရေး လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရေး | |
| | ၃.၁.၄။ | တရားဥပဒေ စိုးမိုးမှုနှင့် တရားစီရင်ရေးစနစ်ကို ခိုင်မာအောင် ဆောင်ရွက်ရေး | |
| | ၃.၁.၅။ | အရေးယူမှု ကင်းလွတ်နေခြင်းကို တိုက်ဖျက်ရေး | |
| | ၃.၁.၆။ | ခြစားမှု တိုက်ဖျက်ရေး | |
| | ၃.၁.၇။ | အခြေခံလွတ်လပ်ခွင့်များ ကန့်သတ်ထားမှုကို ဖြေရှင်းရေး | |
| | ၃.၁.၈။ | နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရေး | |
| | ၃.၁.၉။ | ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် အခြားသော ဝန်ဆောင်မှုများ လူတိုင်းရရှိခံစားပိုင်ခွင့်ကို တိုးတက်အောင် ဆောင်ရွက်ရေး | |
| | ၃.၁.၁၀။ | မွေးစားရင်းထုတ်ပေးခြင်းနှင့် နိုင်ငံသားသတ်မှတ်ခြင်းတို့တွင် တိုးတက်အောင် ဆောင်ရွက်ရေး | |
| | ၃.၁.၁၁။ | မြေယာမှတ်ပုံတင်မှုစနစ်ကို တိုးတက်အောင် ဆောင်ရွက်ရေး | |
| | ၃.၁.၁၂။ | ပြည်သူများအား ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ပေးရေး | |
| | ၃.၁.၁၃။ | အမျိုးသမီးများ ခေါင်းဆောင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုကိုတိုးမြှင့်ဆောင်ရွက်ရေး | |
| | ၃.၁.၁၄။ | စစ်ပွဲအတွင်း အဓမ္မပြုကျင့်မှု၊ တိုင်းရင်းသားလူနည်းစု၊ ဘာသာရေးလူနည်းစုနှင့် အခြားသော လူနည်းစုများအား အကြမ်းဖက်မှုများကို တိုက်ဖျက်ရေး | |
| | ၃.၁.၁၅။ | အမုန်းစကားများနှင့် အကြမ်းဖက်မှုဖြစ်ရန် လှုံ့ဆော်မှုများကို တန်ပြန်တိုက်ဖျက်ရေး | |
| | ၃.၁.၁၆။ | တိုင်းရင်းသားလူနည်းစု၊ ဘာသာရေးလူနည်းစုနှင့် အခြားသော လူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုတို့ကို တိုက်ဖျက်ရေး | |
| | ၃.၁.၁၇။ | တိုင်းရင်းသားအချင်းချင်း၊ဘာသာအယူဝါဒအချင်းချင်းနားလည်မှုနှင့်သဟဇာတဖြစ်မှုတို့ကို ခိုင်မာအောင် ဆောင်ရွက်ရေး | |
| | ၃.၂။ | မြန်မာနိုင်ငံ၏ ထောက်ခံမှုကို မရရှိခဲ့သည့် အကြံပြုချက်များ | |
| | ၃.၃။ | မြန်မာနိုင်ငံရှိ အခြားသော အဓိက ပြဿနာများကိုးကား | |

## ကျေးဇူးတင်လွှာ

နိုင်ငံတိုင်း အလှည့်ကျအစီရင်ခံသည့် လုပ်ငန်းစဉ် (UPR) တွင် တင်သွင်းခဲ့သည့် အကြံပြုချက်များကို သုံးသပ်ပေးခြင်း နှင့် လူသာရမ်ဝေါလ်ဖက်ဒရေးရှင်းအတွက် ယခုအစီရင်ခံစာကို ရေးသားထုတ်ပြန်ပေးသော UPR မှအလွတ်တန်း အကြံပေး ပိုလီနီဝေါလ် (Polly Newall)၊ ယခုအစီရင်ခံစာထွက်ပေါ်လာရေးတွင် အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက် ပေးပါသော LWF Myanmar ၏ လက်ထောက်စီမံကိန်း ညှိနှိုင်းရေးမှူး ဖရန်ဆက်စကာ ပီထရက်လီယာ (Francesca P. Traglia) တို့အား LWF Myanmar က ကျေးဇူးဥပကာရ တင်ရှိပါသည်။

UPR လုပ်ငန်းစဉ်တွင် LWF Myanmar ၏ ပါဝင်ပတ်သက်မှုများအတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်ပံ့များကို စဉ်ဆက်မပြတ် ပံ့ပိုးပေးခဲ့သော ဆွစ်ဇာလန်သံရုံး၊ ဆွီဒင်အသင်းတော် (Church of Sweden) နှင့် FinnChurchAid အဖွဲ့တို့ကိုလည်း မိမိတို့က ကျေးဇူးတင်ရှိပါသည်။ ယခုသုံးသပ်ချက်စာတမ်း ထွက်ပေါ်လာရေးအတွက်ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများတွင် ပါဝင် ခဲ့သော Stakeholders များအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း LWF Myanmar မှ ထပ်လောင်းပြောကြား လိုပါသည်။ ဆွစ်ဇာလန် သံရုံး၊ ရန်ကုန်ရှိ ဗြိတိန်နှင့် ဩစတေးလျသံရုံးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့၊ UNHCR၊ UNDP၊ FinnChurchAid၊ ICCO၊ မြန်မာနိုင်ငံ ကလေးသူငယ်ရန်ပုံငွေအဖွဲ့၊ The Leprosy Mission Myanmar (TLMM)၊ အက္ခရာအမျိုးသမီးအဖွဲ့၊ စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းအဖွဲ့၊ ဟိန္ဒူအမျိုးသမီး အဖွဲ့၊ မြန်မာနိုင်ငံ မသန်စွမ်းသူများကောင်စီ (MCPD)၊ NGO Gender Group (NGO GG)၊ ကရင်လူ့အခွင့်အရေးအဖွဲ့၊ ကျား မ တန်းတူညီမျှရေးကွန်ယက် (GEN)၊ World Learning၊ Smile Education၊ အရှေ့တောင်အာရှဒေသ ဥပဒေနှင့် ပညာရေး ပေါင်းကူးလုပ်ရှားမှုအဖွဲ့ (Bridges Across Borders South East Asia Community Legal Education Initiative)၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ ဖိုရမ်၊ မြန်မာနိုင်ငံ လူသာရမ်အသင်းတော်၊ လူမှုဖူလုံရေးဌာန စသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို LWF Myanmar မှ အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါသည်။

ဤစာတမ်းမှာ UPRတွင်တင်သွင်းခဲ့သည့် အဓိကအကြံပြုချက်များကို အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်း များ သိရှိနားလည်နိုင်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ကာ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေ တိုးတက်ရေးရည်ရွယ်ဖော်ဆောင်သောကြိုးပမ်းအားထုတ်မှုများအားလုံး ခိုင်မာစေရေး အကူအညီ ဖြစ်စေလိမ့်မည်ဟု မျှော်လင့်မိပါသည်။

၁။ နိဒါန်း

**"နိုင်ငံတိုင်း အလှည့်ကျအစီရင်ခံရသည့်လုပ်ငန်းစဉ် (UPR) မှာ ကမ္ဘာ့နိုင်ငံအားလုံးရှိ လူ့အခွင့်အရေးအခြေအနေများကို ဖြေရှင်းရေးနှင့် ပြောင်းလဲရေးတို့တွင် အားထားနိုင်ဆုံးနှင့် အပြင်းပွားမှုအကင်းဆုံး စောင့်ကြည့်ရေးလုပ်ငန်းစဉ် ဖြစ်သည်ဟု မြန်မာနိုင်ငံက အခိုင်အမာ ယုံကြည်ပါသည်"**

၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကြေငြာချက်

၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့က ထုတ်ပြန်ခဲ့သော လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၅/၁ အရ ဖွဲ့စည်းထားသည့် နိုင်ငံအတိုင်း အလှည့်ကျအစီရင်ခံရသည့်လုပ်ငန်းစဉ်ဆိုင်ရာအလုပ်အဖွဲ့မှာ ၎င်းတို့၏ ၂၃ ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ သုံးသပ်ဆွေးနွေးမှုကိုမူ ၎င်းတို့၏ ၉ ကြိမ်မြောက် ဆွေးနွေးမှုဖြစ်သော ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်နေ့တွင် ပြုလုပ်ခဲ့ကာ ထိုဆွေးနွေးပွဲတွင် နိုင်ငံပေါင်း ၉၃ နိုင်ငံ ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဦးဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်နေ့တွင် ပြုလုပ် သည့် ၁၄ ကြိမ်မြောက် ဆွေးနွေးမှုအတွင်း မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အစီရင်ခံစာတစ်စောင်ကို အလုပ်အဖွဲ့က တင်သွင်းခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ သုံးသပ်ဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သော ၉၃ နိုင်ငံကို တစ်နိုင်ငံလျှင် အများဆုံး အကြံပြုချက် ၃ ခုသာ ပေးအပ်ရန် ကန့်သတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်နေ့တွင် UPR အလုပ်အဖွဲ့မှ ထွက်ပေါ်လာသည့် အစီရင်ခံစာတွင် မြန်မာအစိုးရကို ထောက်ခံသော အကြံပြုချက်များ၊ သုံးသပ်မှုဆက်လက်ပြုလုပ်ရန် လိုအပ်သည်ဟု အကြံပြုထားမှုများ၊ မြန်မာအစိုးရကို မထောက်ခံသော အကြံပြုချက်များ ပါဝင်ခဲ့သည်။ သုံးသပ်ရန် လိုအပ်သည့် အဆိုပါ အကြံပြုချက်များအား မြန်မာအစိုးရက ပြန်လည်တုံ့ပြန်မှုကို UPR လုပ်ငန်းအဖွဲ့က ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်သည့် ဖြည့်စွက်ချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာအစိုးရမှာ သုံးသပ်မှုတွင် ပါဝင်ခဲ့သည့် နိုင်ငံ ၉၃ နိုင်ငံမှ အကြံပြုချက် ၂၈၁ ခုကို ရရှိခဲ့သည်။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် အဆိုပါ အကြံပြုချက်များမှ ၁၂၄ ခုကို မြန်မာအစိုးရက လက်ခံခဲ့ပြီး ၈၈ ခုကို ၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ ပြန်လည်ဖြေကြားမည်ဟု ပြောကြားခဲ့သည်။ ကျန်ရှိသည့် ၆၉ ခုကိုမူ၊ မြန်မာအစိုးရက လက်ခံခဲ့ခြင်းမရှိချေ။ ၂၀၁၆ ခုနှစ်၊ မတ်လတွင် အကြံပြုချက် ၁၁ ချက်ကို အပြည့်အဝလက်ခံခဲ့ပြီး၊ အခြား အကြံပြုချက် ၃၀ ကို မူအားဖြင့်လည်းကောင်း၊ အကြံပြုချက်တစ်ခုကို တစ်စိတ်တစ်ပိုင်းအားဖြင့်လည်းကောင်း ထပ်မံလက်ခံခဲ့သည်။ ထို့ကြောင့် အကြံပြုချက် ၂၈၁ ခုမှ စုစုပေါင်း ၁၆၆ ခုကို မြန်မာအစိုးရက လက်ခံခဲ့ခြင်းဖြစ်သည်။

ယခု အကျဉ်းချုပ်စာတမ်းတွင် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေကို ခြုံငုံသုံးသပ်ချက်၊ မြန်မာအစိုးရက လက်ခံသော အကြံပြုချက်များ၊ မြန်မာအစိုးရက မကြိုက်နှစ်သက်သော အကြံပြုချက်များအားစီစစ်ကာ ထုတ်နုတ် ဖော်ပြထားသည်။

အထက်တွင်ဖော်ပြထားသကဲ့သို့ UPR လုပ်ငန်းစဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ သဘောထားအရယခုစာတမ်းမှာ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်စေရန် ဆောင်ရွက်နေသော Stakeholder များအတွက် အသုံးဝင်သည့် အရာတစ်ခုဖြစ်မည်ဟု LWF Myanmar က မျှော်လင့်မိပါသည်။

## ၂။ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၁၉၄၈ ခုနှစ် ဗြိတိသျှထံမှ လွတ်လပ်ရေးရရှိပြီးများမကြာမီမှာပင် မြန်မာနိုင်ငံမှာကုလသမဂ္ဂပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုးကာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။ ထိုသို့ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ခြင်းကြောင့် ကုလသမဂ္ဂ၏ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း[၁] တွင်လည်း အကျုံးဝင်လာခဲ့သည်။

မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏အောက်ပါလူ့အခွင့်အရေးဆိုင်ရာ စာချုပ်များတွင် **သဘောတူ အတည်ပြုထား**သည်။

- ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (CRC)

- ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်၏ ကလေးသူငယ်ရောင်းစားခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးညစ်ငြမ်းစာပေဆိုင်ရာ နောက်ဆက်တွဲ အခြေပြုစာချုပ် (CRC-OP-SC)
- ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံး ပပျောက်ရေး သဘောတူညီချက် (CEDAW)
- ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့တွင် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူညီချက် (CRPD)

မြန်မာနိုင်ငံမှာ အောက်ပါ လူ့အခွင့်အရေး စာချုပ်များကို **လက်မှတ်ရေးထိုးထား**သည်။

- ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (ICESCR)
- ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်၏ ကလေးသူငယ်များ လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်ခြင်းဆိုင်ရာ နောက်ဆက်တွဲအခြေပြုစာချုပ် (OP-CRC-AC)

လူ့အခွင့်အရေးကောင်စီ၏ဆုံးဖြတ်ချက်အမှတ် ၁၉၉၂/၅၈[၂] အရ မြန်မာနိုင်ငံမှာ၁၉၉၂ ခုနှစ်ကတည်းက လူ့အခွင့်အရေး ကောင်စီ၏ **အထူးလုပ်ထုံးလုပ်နည်း**အောက်တွင် ရှိနေသည်။

လူ့အခွင့်အရေးဆိုင်ရာ အဓိက စိုးရိမ်ဖွယ်ရာများမှာ

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ပြင်းထန်ပြီး ခွဲခြားဆက်ဆံမှုသဘောသက်ရောက်သည့် ဥပဒေများနှင့် လက်တွေ့ကျင့်သုံးမှုများ
- တရားဥပဒေစိုးမိုးမှု အားနည်းခြင်းနှင့် တရားစီရင်ရေးတွင် လွတ်လပ်မှုမရှိခြင်း
- လူ့အခွင့်အရေးများကို ကာကွယ်ပေးရန် သင့်လျော်သည့် လုပ်ငန်းစဉ်မရှိခြင်း
- ပဋိပက္ခနှင့်ဆက်နွယ်သည့် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ရမှုများ
- ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်သည့် လူ့အခွင့်အရေး ပြဿနာများ

**အဓိကကျသည့် နိုင်ငံတကာ စာချုပ်များ စုစည်းမှု**

- ညှင်းပမ်းနှိပ်စက်မှုနှင့် အခြားရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော သို့မဟုတ် နှိမ့်ချသောဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုဆန့်ကျင်ရေးဆိုင်ရာ သဘောတူညီချက် (CAT)
- ညှင်းပမ်းနှိပ်စပ်မှုဆိုင်ရာ သဘောတူညီချက်၏ နောက်ဆက်တွဲ အခြေပြုစာချုပ် (CAT-OP)
- နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာနိုင်ငံတာသဘောတူညီချက် (ICCPR)
- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတာသဘောတူညီချက်၏သေဒဏ်ချမှတ်မှုဖျက်သိမ်းရေးကို ရည်ရွယ်သည့် ဒုတိယမြောက် နောက်ဆက်တွဲ အခြေပြုစာချုပ် (ICCPR-OP2-DP)
- လူမျိုးရေးခွဲခြားမှုပုံစံအားလုံး ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (ICERD)
- ရွှေ့ပြောင်းအလုပ်သမားအားလုံးနှင့် ၎င်းတို့၏မိသားစုဝင်များအား ကာကွယ်စောင့်ရှောက်ခွင့်ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (ICRMW)
- အဓမ္မနှင်ထုတ်ခံရသူအားလုံးအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (ICPPED)
- အဓမ္မနှင်ထုတ်ခံရသူအားလုံးအားကာကွယ်စောင့်ရှောက်ရေးအတွက်နိုင်ငံတကာသဘောတူညီချက်၏ နောက်ဆက်တွဲ အခြေပြုစာချုပ် (OP-CRPD)
- အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံး ပပျောက်ရေးသဘောတူညီချက်၏နောက်ဆက်တွဲ အခြေပြုစာချုပ် (OP-CEDAW)
- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်၏နောက်ဆက်တွဲ အခြေပြုစာချုပ် (OP-ICESCR)

- လူသတ်မိုင်းများအသုံးပြုမှု၊ သိုလှောင်သိမ်းဆည်းမှု၊ ထုတ်လုပ်မှုနှင့် လွှဲပြောင်းပေးအပ်မှု၊ ၎င်းတို့အား ဖျက်ဆီးရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်
- နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမစာချုပ် (ICC)

**၃။ အကြံပြုချက်များအား စိစစ်ခြင်း**

မြန်မာအစိုးရတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၉၃ နိုင်ငံမှ အကြံပြုချက် ၂၈၁ ခုကို ရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာတွင် ထိုအကြံပြုချက်များမှ ၁၂၄ ခုကို မြန်မာအစိုးရက လက်ခံခဲ့ပြီး ၈၈ ခုကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်နေ့အထိ ဆိုင်းငံ့ခဲ့သည်။ အကြံပြုချက် ၆၉ ခုမှာမူ မြန်မာအစိုးရ၏ ထောက်ခံမှုကို မရရှိခဲ့ပေ။ ၂၀၁၆ ခုနှစ်၊ မတ်လတွင် အကြံပြုချက် ၁၁ ခုကို အပြည့်အဝ ထပ်မံလက်ခံခဲ့ပြီး၊ အခြား ၃၀ ကိုမူ မူအားဖြင့်လည်းကောင်း၊ ၁ ခုကို တစ်စိတ်တစ်ပိုင်းအားဖြင့်လည်းကောင်း လက်ခံကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် အကြံပြုချက် ၂၈၁ ခုတွင် မြန်မာအစိုးရက စုစုပေါင်း ၁၆၆ ခုကို လက်ခံခဲ့ကာ ၁၁၅ ခုကို လက်ခံခဲ့ခြင်းမရှိပေ။

**၃.၁။ အစိုးရ၏ ထောက်ခံမှုကို အပြည့်အဝသော်လည်းကောင်း၊ မူအားဖြင့်သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းအားဖြင့်သော်လည်းကောင်း ရရှိခဲ့သည့် အကြံပြုချက်များ၊**

မြန်မာအစိုးရသည် အရေးကြီးသော ပြဿနာအများအပြားကို ဆွေးနွေးအဖြေရှာရန် စိတ်အားထက်သန်မှုရှိကြောင်း ပြသခဲ့သည်။ အောက်ဖော်ပြပါ ကဏ္ဍများမှာ ဆွေးနွေးအဖြေရှာရန် လိုအပ်သည့် ကဏ္ဍများဖြစ်သည်။

**၃.၁.၁။ အဓိကနိုင်ငံတကာစာချုပ်များတွင် အတည်ပြုပါဝင်ရေး**

**၃.၁.၂။ နိုင်ငံတကာ လူ့အခွင့်အရေးစနစ်များနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေး**

**၃.၁.၃။ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိရေး လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရေး**

**၃.၁.၄။ တရားဥပဒေ စိုးမိုးမှုနှင့် တရားစီရင်ရေးစနစ်ကို ခိုင်မာအောင် ဆောင်ရွက်ရေး**

တရားဥပဒေ စိုးမိုးမှု ခိုင်မာစေခြင်း။
အမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ပေးခြင်း။
တရားစီရင်ရေးစနစ် လွတ်လပ်မှုနှင့် ရှေ့နေများ၊ တရားသူကြီးများကို ကာကွယ်ပေးခြင်း။
တရားစီရင်ရေးဌာနများ၏ လုပ်နိုင်စွမ်း တိုးတက်အောင် ဆောင်ရွက်ခြင်း။

ရဲတပ်ဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခြင်း။

ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှု အနိမ့်ဆုံးအသက်ရွယ်ကို ပြင်ဆင်သတ်မှတ်ခြင်း။

**၃.၁.၅။ အရေးယူမှု ကင်းလွတ်နေခြင်းကို တိုက်ဖျက်ရေး**
**၃.၁.၆။ ခြစားမှု တိုက်ဖျက်ရေး**
**၃.၁.၇။ အခြေခံလွတ်လပ်ခွင့်များ ကန့်သတ်ထားမှုကို ဖြေရှင်းရေး**

ဘာသာရေးလွတ်လပ်ခွင့်နှင့် ဘာသာကူးပြောင်းမှုဆိုင်ရာ လွတ်လပ်ခွင့်
သဘောထားများ၊ အမြင်များကို လွတ်လပ်စွာ တင်ပြခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်

**၃.၁.၈။ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရေး**

**၃.၁.၉။ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် အခြားသော ဝန်ဆောင်မှုများ လူတိုင်း ရရှိခံစားပိုင်ခွင့်ကို တိုးတက်အောင် ဆောင်ရွက်ရေး**

**၃.၁.၁၀။ မွေးစားရင်းထုတ်ပေးခြင်းနှင့် နိုင်ငံသားသတ်မှတ်ခြင်းတို့တွင် တိုးတက်အောင် ဆောင်ရွက်ရေး**

**၃.၁.၁၁။ မြေယာမှတ်ပုံတင်မှုစနစ်ကို တိုးတက်အောင် ဆောင်ရွက်ရေး**

**၃.၁.၁၂။ ပြည်သူများအား ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ပေးရေး**

လူကုန်ကူးမှုပြဿနာကို ဖြေရှင်းခြင်း

- လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးငယ်များအား တက်သားသစ်စုဆောင်းမှု ဖြစ်ပွားနေခြင်းကို ဆက်လက်ဖြေရှင်းခြင်း
- လက်နက်ကိုင်ပဋိပက္ခများတွင် အရပ်သားများအား ကာကွယ်စောင့်ရှောက်မှုကို တိုးတက်အောင် ဆောင်ရွက်ခြင်း
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရပိုင်ခွင့်များကို တိုးတက်အောင် ဆောင်ရွက်ခြင်း
- ပြည်တွင်း အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူများကို ၎င်းတို့၏သဘောဆန္ဒအလျောက် အန္တရာယ်ကင်းစွာ နေရပ်ပြန်နိုင်ရေး ဆောင်ရွက်ပေးခြင်း
- လူ့အခွင့်အရေး ကာကွယ်သူများနှင့် ဂျာနယ်လစ်များကို ကာကွယ်စောင့်ရှောက်ခြင်း

**၃.၁.၁၃။ အမျိုးသမီးများ ခေါင်းဆောင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုကို တိုးမြှင့်ဆောင်ရွက်ရေး**

**၃.၁.၁၄။အိမ်ထောင်ဖက်/အတူနေသူမှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊အိမ်တွင်းအကြမ်းဖက်မှုအမျိုးသမီးများ နှင့် ကလေးသူငယ်များအပေါ်အကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံမှုများတိုက်ဖျက်ရေး**

**၃.၁.၁၅။ အမုန်းစကားများနှင့် အကြမ်းဖက်မှုဖြစ်ရန် လှုံ့ဆော်မှုများကို တန်ပြန်တိုက်ဖျက်ရေး**

**၃.၁.၁၆။ တိုင်းရင်းသားလူနည်းစု၊ ဘာသာရေးလူနည်းစုနှင့် အခြားသော လူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုတို့ကို တိုက်ဖျက်ရေး**

**၃.၁.၁၇။ တိုင်းရင်းသားအချင်းချင်း၊ ဘာသာအယူဝါဒအချင်းချင်း နားလည်မှုနှင့် သဟဇာတဖြစ်မှုတို့ကို ခိုင်မာအောင် ဆောင်ရွက်ရေး**

### ၃.၁.၁။ အဓိက နိုင်ငံတကာ စာချုပ်များကို လက်မှတ်ထိုးခြင်း

အဓိကကျသည့် နိုင်ငံတကာလူ့အခွင့်ရေးစာချုပ်များကို အတည်ပြုပါဝင်ရေးနှင့် လက်မှတ်ထိုရေး**စဉ်းစားရန်** ဆိုသည့် အကြံပြုချက်များကို မြန်မာအစိုးရက လက်ခံခဲ့သည်။ အကြံပြုချက်များမှ အချို့ကို ဥပမာအနေဖြင့် အောက်တွင် ဖော်ပြထားသည်။

၁၄၃.၁။ အဓိက လူ့အခွင့်အရေးသဘောတူညီချက်များကို လက်ခံပါဝင်ရေး ဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်ရန် (ဘီလာရုစ်)

၁၄၃.၂။ လက်မှတ်မထိုးရသေးသည့် လူ့အခွင့်အရေးစာချုပ်များတွင် လက်မှတ်ရေးထိုးရေး စဉ်းစားရန် (ဂျပန်)

၁၄၃.၃။ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခြင်းမရှိသေးသည့် အဓိကကျသော နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူညီချက်များတွင် ပါဝင်ရေး စဉ်းစားရန် (နီကာရာဂွာ)

၁၄၃.၄။ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခြင်းမရှိသေးသည့် အဓိကနိုင်ငံတကာလူ့အခွင့်အရေး သဘောတူညီချက်များ အထူးသဖြင့် ICCPR နှင့် CAT တို့အား အတည်ပြုလက်ခံရေး စဉ်းစားရန် (ဗီယက်နမ်)

၁၄၃.၅။ ICCPR နှင့် ICRMW တို့အပါအဝင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခြင်းမရှိသေးသော နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူညီချက်များတွင် ပါဝင်ရေး စဉ်စားရန် (ဖိလစ်ပိုင်)

၁၄၃.၆။ သေဒဏ်ပေးမှုကို လုံးဝဖျက်သိမ်းရေး သဘောထားနှင့်အတူ ICCPR နှင့် ၎င်း၏ ဒုတိယမြောက် အခြေပြုစာချုပ်တို့အား လက်မှတ်ထိုးရေး စဉ်းစားရန် (နမီးဘီးယား)

၁၄၃.၇။ ICCPR အား လက်မှတ်ထိုးရေး စဉ်းစားရန် (အမေရိကန်ပြည်ထောင်စု)

၁၄၃.၈။ ICERD၊ ICESCR နှင့် ICRMW တို့ကို လက်မှတ်ရေးထိုးရေး စဉ်းစားရန် (အီဂျစ်)

မြန်မာအစိုးရသည် အောက်ပါ နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်များတွင် **လက်မှတ်ရေးထိုးရေး** အကြံပြုချက်များကို လက်ခံခဲ့သည်။

- ညှင်းပမ်းနှိပ်စက်မှုနှင့် အခြား ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော သို့မဟုတ် နိမ့်ချသောဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုဆန့်ကျင်ရေးဆိုင်ရာ သဘောတူညီချက် (CAT)

ဥပမာ - ၁၄၃.၁၀ တွင် ပြင်သစ်နိုင်ငံက အကြံပြုထားသော CAT ကို လက်မှတ်ထိုးရန်

မြန်မာအစိုးရမှာ အောက်ပါ နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များတွင် **လက်ခံအတည်ပြုရန်**သဘောတူညီခဲ့သည်။

- စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာနိုင်ငံတကာသဘောတူညီချက် (ICESCR) (အဆိုပါ သဘောတူညီချက်ကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။)
- ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်မှ ကလေးသူငယ်များ လက်နက်ကိုင်ပဋိပက္ခ များတွင် ပါဝင်ခြင်းဆိုင်ရာ နောက်ဆက်တွဲအခြေပြုစာချုပ် (OP-CRC-AC) (၎င်းနောက်ဆက်တွဲ အခြေပြုစာချုပ်ကို ၂၀၁၅ခုနှစ်စက်တင်ဘာ၂၈ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့သည်။)

ထိုစာချုပ်များတွင် ပါဝင်ရန် အကြံပြုချက်များမှ အချို့

၁၄၃.၈။ ICESCR ကို လက်ခံအတည်ပြုရန် (ဂါနာ)

၁၄၃.၁၁။ OP-CRC-AC ကို လက်ခံအတည်ပြုရန် (ချီလီ) (ခရိုအေးရှား)

၁၄၃.၁၂။ OP-CRC-AC ကို လက်ခံအတည်ပြုရန် (လူဇင်ဘတ်)

၁၄၃.၁၄။ OPCRC-AC ကို မြန်မြန်ဆန်ဆန် အတည်ပြုပါဝင်ရေး ရည်ရွယ်သော လိုအပ်သည့် လုပ်ဆောင်မှုများအားလုံး ဆောင်ရွက်ရန် (ဆလိုဗက်ကီးယား)

၂၀၁၆ ခုနှစ် မတ်လတွင် တင်သွင်းသော အစီရင်ခံစာ၌ မြန်မာအစိုးရက မိမိတို့မှာ နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူညီချက်များနှင့် စပ်လျဉ်း၍ မိမိတို့အခြေအနေအား သုံးသပ်မှုကို တက်တက်ကြွကြွ ပြုလုပ်နေပြီး အနာဂတ်တွင် ထိုစာချုပ်များတွင် ပါဝင်ရေး ရည်ရွယ်ချက်လည်း ရှိနေကာ ယခုကိစ္စအား ဆက်လက်လုပ်ဆောင်သွားမည်ဟု ဖော်ပြထားသည်။ အောက်ဖော်ပြပါ အကြံပြုချက်များကိုမူ မြန်မာအစိုးရက **မူအားဖြင့်** လက်ခံသဘောတူခဲ့သည်။

၁၄၄.၁။ နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူညီချက်များကို လက်ခံအတည်ပြုရန် (ပါရာဂွေး)

၁၄၄.၂။ အဓိကနိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များကို လက်ခံရန်နှင့် အကောင်အထည်ဖော်ရန် (လတ်ဗီးယား)

၁၄၄.၃။ အဓိက လူ့အခွင့်အရေးသဘောတူညီချက်များ အထူးသဖြင့် ICCPR၊ CAT နှင့် OP-CEDAW တို့တွင် လက်ခံအတည်ပြုရန် (ဂျာမနီ)

၁၄၄.၄။ ICCPR၊ CAT နှင့် ICERD တို့ကဲ့သို့ အဓိကစာချုပ်များတွင် လက်ခံအတည်ပြုရန် (ဟန်ဂေရီ)

၁၄၄.၅။ ICERD၊ ICESCR၊ ICCPR၊ CAT နှင့် OP-CEDAW တို့ကဲ့သို့ အဓိက လူ့အခွင့်အရေးစာချုပ်များကို လက်ခံအတည်ပြုရန် (ဆီရာလီယိုနီ)

၁၄၄.၆။ ယခင်အကြံပြုထားသကဲ့သို့ ICCPR နှင့် CAT တို့အပါအဝင် အဓိကလူ့အခွင့်အရေး စာချုပ်များအားလုံးကို အတည်ပြုလက်ခံကာ အပြည့်အဝ အကောင်အထည်ဖော်ရန် (ဆလိုဗေးနီးယား)

၁၄၄.၇။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (ICCPR) ကို လက်ခံအတည်ပြုရန် (မွန်တီနီဂရိုး) (ပိုလန်)

၁၄၄.၈။ ICCPR ကိုလက်မှတ်ထိုးရန်၊ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် ထိုအခွင့်အရေးများကို ကာကွယ်နိုင်မည့် ဥပဒေရေးရာ ဖြစ်နိုင်ခြေများနှင့်ပတ်သက်၍ ပြည်သူများအား ဆက်လက်အသိပညာပေးသွားရန်(လစ်သူယေးနီးယား)

၁၄၄.၉။ ICCPR နှင့် ၎င်း၏ နောက်ဆက်တွဲ အခြေပြုစာချုပ်များကို လက်ခံအတည်ပြုရန် (စပိန်)

၁၄၄.၁၀။ ICCPR နှင့် ၎င်း၏ နောက်ဆက်တွဲအခြေပြုစာချုပ် ၂ ခုကို လက်ခံအတည်ပြုရန် (အက်စတိုးနီးယား) (ဂါနာ)

၁၄၄.၁၁။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (ICCPR) နှင့် သေဒဏ် ဖျက်သိမ်းရေး ရည်ရွယ်သော ၎င်း၏ နောက်ဆက်တွဲ အခြေပြုစာချုပ်တွင် သဘောတူပါဝင်ရန် (ဂရိ)

၁၄၄.၁၂။ ICCPR နှင့် ICESCR တို့အား လက်မှတ်ရေးထိုးရန်နှင့် လက်ခံအတည်ပြုရန် (ဘာရိန်း)

၁၄၄.၁၃။ ICCPR နှင့် ICESCR တို့အား လက်ခံအတည်ပြုရန်နှင့် နိုင်ငံ၏ဥပဒေကို နိုင်ငံတကာ တာဝန်ဝတ္တရားများနှင့် ကိုက်ညီစေရန် (ဆွစ်ဇာလန်)

၁၄၄.၁၄။ ICESCR နှင့် ၎င်း၏ နောက်ဆက်တွဲ အခြေပြုစာချုပ်ကို လက်မှတ်ရေးထိုးရန် (ပေါ်တူဂီ)

၁၄၄.၁၅။ လူမျိုးရေးခွဲခြားမှုပုံစံအားလုံး ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (ICERD) နှင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (ICCPR) တို့ကို လက်ခံအတည်ပြုရန် (အလ်ဂျီးရီးယား) (လစ်ဗျား)

၁၄၄.၁၆။ ICERD ကို လက်ခံအတည်ပြုရန် (ဂါနာ)

၁၄၄.၁၇။ ICCPR၊ CAT နှင့် ICERD တို့ကို လက်မှတ်ရေးထိုးရန်နှင့် လက်ခံအတည်ပြုရန် (တူရကီ)

၁၄၄.၁၈။ ICESCR၊ ICCPR နှင့် ICERD တို့ကို လက်ခံအတည်ပြုရန် (ဆူဒန်)

၁၄၄.၁၉။ ICCPR၊ ICESCR နှင့် ICERD တို့အား လက်ခံအတည်ပြုရန် (ဘရာဇီးလ်)

၁၄၄.၂၀။ ICCPR နှင့် CAT တို့ကို လက်ခံအတည်ပြုရန် (အီတလီ)

၁၄၄.၂၁။ ICCPR နှင့် CAT တို့ကို လက်ခံအတည်ပြုရန် (လူဇင်ဘတ်)

၁၄၄.၂၂။ CAT နှင့် ICCPR တို့ကို လက်ခံအတည်ပြုရန် (ဂျော်ဂျီယာ)

၁၄၄.၂၃။ CAT ကို လက်ခံအတည်ပြုရန် (ဒိန်းမက်) (ဂွာတီမာလာ)

၁၄၄.၂၄။ ယခင်အကြံပြုထားသကဲ့သို့ CAT ကို လက်ခံအတည်ပြုရန် (ပေါ်တူဂီ)

၁၄၄.၂၅။ CAT နှင့် OP-CAT တို့အား လက်ခံအတည်ပြုရန် (လစ်သူယေးနီးယား)

၁၄၄.၂၆။ CAT ကို လက်ခံအတည်ပြုရန်နှင့် ရဲတပ်ဖွဲ့၏ ထိန်းသိမ်းထားမှုအတွင်း ငြင်းပမ်းနှိပ်စက်မှုကို တားမြစ်ထားသည့် ၎င်း၏ ဥပဒေပြဌာန်းချက်များကို သတ်မှတ်ဖော်ဆောင်ရန် (ချီလီ)

၁၄၄.၂၇။ CAT နှင့် ICPPED တို့ကို လက်ခံအတည်ပြုရန် (မက္ကဆီကို)

### ၃.၁.၂။ နိုင်ငံတကာ လူ့အခွင့်အရေးစနစ်များနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေး

မြန်မာအစိုးရသည် နိုင်ငံတကာလူ့အခွင့်အရေးစနစ်များနှင့် ပူးပေါင်းဆောင်ရွက် စိတ်ဆန္ဒရှိသည်ဟု ပြောကြားခဲ့ပြီး၊ ထိုကိစ္စနှင့် ပတ်သက်၍ ခြွင်းချက်ထားခဲ့သည့်အကြံပြုချက်အချို့ကို မြန်မာအစိုးရ၏ထောက်ခံမှုမရခဲ့သည့် အကြံပြုချက်များ ကဏ္ဍတွင် ဖော်ပြထားသည်။

အောက်ပါ အကြံပြုချက်များမှာ မြန်မာအစိုးရ၏ အားပေးထောက်ခံမှုကိုရရှိသော အကြံပြုချက်များဖြစ်သည်။

၁၄၃.၄၉။ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာအကြံပြုချက်များကို မျက်ခြေမပြတ်စေရန်အတွက် နိုင်ငံလုံးဆိုင်ရာ စနစ်တစ်ခု ဖွဲ့စည်းရေး ဖြစ်နိုင်ခြေကို ရှာဖွေရန် (ပါရာဂွေး)

၁၄၃.၅၀။ စာချုပ်အဖွဲ့များနှင့် အထူးလုပ်ထုံးလုပ်နည်းဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသူများ အပါအဝင်ကုလ၏လူ့အခွင့်အရေး စနစ်နှင့် အနီးကပ် ဆက်သွယ်ဆောင်ရွက်ရန် (တူရကီ)

၁၄၃.၅၁။ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရန် (ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ)

၁၄၃.၅၂။ လူ့အခွင့်အရေးကောင်စီမှ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ အခြားသော အထူးလုပ်ထုံးလုပ်နည်း များနှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုကို သေချာအောင် ဆောင်ရွက်ရန် (ချီလီ)

**၃.၁.၃။ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းများပေါ်တွင် ဆက်လက်လျှောက်လှမ်းရေး**

မြန်မာအစိုးရမှာ တစ်ခုနှင့်တစ်ခုဆက်နွှယ်နေသည့် ဤကဏ္ဍ ၃ ခုဆီသို့ ရှေ့ရှုသောလမ်းကြောင်းပေါ်တွင် ဆက်လက် လျှောက်လှမ်းရေး ၎င်းတို့၏ စိတ်ဆန္ဒကို ဖော်ပြခဲ့သည်။ အောက်ပါ အကြံပြုချက်များမှာ မြန်မာအစိုးရ၏ ထောက်ခံမှုကို ရရှိခဲ့သော အကြံပြုချက်များဖြစ်သည်။

၁၄၃.၁၆။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖြစ်ထွန်းရေးကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားရန် (ကမ္ဘောဒီးယား)

၁၄၃.၁၇။ အစိုးရက တာဝန်ခံထားသည့် ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်အား ဆက်လက် ဆောင်ရွက်ရန် (နီပေါ)

၁၄၃.၁၉။ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထု သာယာဝပြောရေးနှင့် စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ရေးအတွက် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုကို ဆက်လက်ဖော်ဆောင်ရန် (တီမော-လက်စ်တေ)

၁၄၃.၂၁။ နိုင်ငံအတွင်းလူ့အခွင့်အရေးအားကာကွယ်မြှင့်တင်ပေးရာတွင်တိုးတက်မှုများပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက် ရန် (အဇာဘိုင်ဂျန်)

၁၄၃.၂၂။ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး၊ လူနေမှုအဆင့်အတန်း မြှင့်တင်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားရန် (ကာဂျစ်စ္စတန်)

၁၄၃.၃၀။ ပြည်သူလူထုအား လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုကို အာရုံစိုက်ကာ လူ့အခွင့်အရေးမြှင့်တင် ကာကွယ်ပေးရေးစနစ်ကို ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားရန် (ဘီလာရုဇ်)

၁၄၃.၃၂။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုဆောင်ကျဉ်းရန်နှင့် လူ့အခွင့်အရေးများ အပြည့်အဝ ခံစားနိုင်စေရန် အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်အာရုံစိုက်လုပ်ဆောင်သွားရန် (အီသီယိုးပီးယား)

၁၄၃.၃၃။ နိုင်ငံတကာ လူ့အခွင့်အရေး တာဝန်ဝတ္တရားများနှင့်အညီ ဆောင်ရွက်သော နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရေး စသည့်လုပ်ငန်းစဉ်များကို သဟဇာတဖြစ်အောင် ဆောင်ရွက်ရန် (နီကာရာဂွာ)

၁၄၃.၃၅။ ပြည်သူလူထု၏လူမှုစီးပွားလိုအပ်ချက်များနှင့် ကိုက်ညီစေရေးအတွက် နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားရန် (ကျူးဘား)

၁၄၃.၃၆။ ပြည်သူလူထု၏ လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးအတွက် နိုင်ငံရေး၊ လူမှုစီးပွားနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်ဆောင်ရွက်ရန် (ကျူးဘား)

၁၄၃.၃၇။ ပြည်သူလူထု၏လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးအတွက် နိုင်ငံရေး၊ လူမှုစီးပွားနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ကိုဆက်လက် မြှင့်တင်ဆောင်ရွက်ရန် (လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ)

၁၄၃.၃၈။ နိုင်ငံတစ်ပှမ်း မတူညီသောဒေသများတွင် ညီမျှသောစီးပွားရေးတိုးတက်မှု ရရှိစေရေးနှင့် လူနည်းစုများ အပါအဝင် နိုင်ငံသားအားလုံး အကျိုးဖြစ်ထွန်းစေရေးတို့အတွက် ဆောင်ရွက်ရန် (ကျူးဘား)

၁၄၃.၃၉။ နိုင်ငံတစ်ပှမ်း မတူညီသောဒေသများတွင် ညီမျှသောစီးပွားရေးတိုးတက်မှုရရှိစေရေးနှင့် လူနည်းစုများ အပါအဝင် နိုင်ငံသားအားလုံးအကျိုးဖြစ်ထွန်းစေရေးတို့အတွက် ဆောင်ရွက်ရန် (အီရန် အစ္စလာမ့် သမ္မတနိုင်ငံ)

၁၄၃.၁၀၄။ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးနှင့် လူမှုစီးပွားမညီမျှမှုများကို ဖြေရှင်းရေး လိုအပ်သည်များကို ဆောင်ရွက်ရန် (သီရိလင်္ကာ)

၁၄၃.၃၄။ ပြည်သူလူထု အကျိုးဖြစ်ထွန်းစေရန်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သည့် မှန်ကန်သော ဆောင်ရွက်ချက်များကို ဆက်လက်စုစည်း ဆောင်ရွက်သွားရန် (ဗင်နီဇွဲလား ဘိုလစ်ဗာရီယန် သမ္မတနိုင်ငံ)

၁၄၃.၄၁။ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ-၂၀၃၀ (2030 Sustainable Development Goals) ကို ပြည့်မီရေးမူဂါဒများအကောင်အထည်ဖော်ရန်။ သို့မှသာနိုင်ငံအတွင်းရှိ လူ့အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်မှုမှ အကျိုးခံစားနိုင်မည်ဖြစ်ပြီး၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံအဖြစ်မှ အမြန်ဆုံးလွတ်မြောက်မည် ဖြစ်သည်။(စင်္ကာပူ)

၁၄၃.၁၀၀။ နိုင်ငံ၏လက်ရှိဆောင်ရွက်နေသောဒီမိုကရေစီအသွင်ကူးပြောင်းရေးကိုအကူအညီဖြစ်စေရန်အလို့ငှာ ပြည်သူ လူထုအတွက် ဘေးအန္တရာယ်ကင်းပြီး၊ လုပ်ပိုင်ခွင့်များရှိမည့် ပတ်ဂန်းကျင်တစ်ခု ဆက်လက်ဖန်တီးပေးရန်(အိုင်ယာလန်)

၁၄၃.၂၀။ နိုင်ငံ၏ ဒီမိုကရေစီကျင့်သုံးမှုကိုရှေ့ရှုသည့် ပြုပြင်ပြောင်းလဲမှုများကို ချမှတ်အကောင်အထည်ဖော်ရာတွင် လူ့အခွင့်အရေးအခြေပြုနည်းလမ်းဖြင့် ဆောင်ရွက်ရန် (ပေါ်တူဂီ)

၁၄၃.၃၈။ နိုင်ငံတစ်ပှမ်းမတူညီသောဒေသများတွင် ညီမျှသောစီးပွားရေးတိုးတက်မှုရှိစေရေးနှင့် လူနည်းစုများအပါအဝင် နိုင်ငံသားအားလုံးအကျိုးဖြစ်ထွန်းစေရေးတို့အတွက် ဆောင်ရွက်ရန် (ကျူးဘား)

၁၄၃.၃၁။ နှစ်စဉ် စီးပွားရေးတိုးတက်မှုကို ပျမ်းမျှ ၈ ရာခိုင်နှုန်းတွင် ရှိနေစေရေး ဆက်လက်ဆောင်ရွက်သွားရန် (ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ)

၁၄၃.၂၇။ လူမျိုးရေးနှင့် ဘာသာရေးပဋိပက္ခများကို ရှောင်ရှားရေးအတွက် ပြည်သူလူထုအကြား ငြိမ်းချမ်းရေးစကားဝိုင်း များ ဆက်လက်ဖန်တီးပေးသွားရန်နှင့် အမျိုးသားရင်ကြားစေ့ရေးကို အရှိန်မြှင့်ဆောင်ရွက်ရန် (အီသီယိုးပီးယား)

၁၄၃.၂၈။ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် မကြာသေးမီကလက်မှတ်ရေးထိုးခဲ့သည့် အဓိက တိုင်းရင်းသား အုပ်စု ၈ ခုတွင် မပါဝင်သည့် အခြားလက်နက်ကိုင်အုပ်စုများကို လမ်းကမ်းကြိုဆိုကာ အားလုံးပူးပေါင်း ပါဝင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်ရေး ဆောင်ရွက်ရန် (အစ္စရေး)

၁၄၃.၂၉။ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (Joint Monitoring Committee) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee) တို့အလုပ်ဖြစ်ရေး သေချာစေရန် (အစ္စရေး)

အကြံပြုချက်များကို သုံးသပ်မှုအပြီး ၂၀၁၆ ခုနှစ် မတ်လတွင် မြန်မာစိုးရသည် အောက်ပါ အကြံပြုချက်များကို ထပ်မံ လက်ခံခဲ့သည်။

၁၄၄.၂၉။ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေကို သတ်သတ် မှတ်မှတ်ဖော်ပြရန်နှင့် ထိုသဘောတူညီချက် အကောင်အထည်ဖော်မှုအား စောင့်ကြည့်ရေး ပြည့်ဝသည့်စနစ်တစ်ခု ဖော်ဆောင်ရန် (ဂွာတီမာလာ)

၁၄၄.၃၀။ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများ၊ တိုင်းရင်းသားအုပ်စုများ၊ နိုင်ငံအတွင်းအိုးအိမ်စွန့်ခွာထွက်ပြေးရသူများနှင့် ဒုက္ခသည်များ ထိရောက်သည့် ပူးပေါင်းပါဝင် ဆောင်ရွက်မှု ရှိစေရေးပံ့ပိုးကူညီပေးရန် (ဖင်လန်)

### ၃.၁.၄။ တရားဥပဒေ စိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ ခိုင်မာစေရေး

မြန်မာအစိုးရမှာ တရားဥပဒေ စိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ ခိုင်မာစေရန်အတွက် ဆောင်ရွက်လိုသော စိတ်ဆန္ဒ အနည်းကိုသာ ဖော်ပြသည်။ အောက်ပါအကြံပြုချက်များမှာ မြန်မာအစိုးရ၏ ထောက်ခံမှုကို ရရှိသော အကြံပြုချက်များ ဖြစ်သည်။

**တရားဥပဒေစိုးမိုးရေး**

၁၄၃.၈၆။ တရားဥပဒေစိုးမိုးရေး ဆက်လက်ဆောင်ရွက်ရန်နှင့် အစိုးရယန္တရား၏ အဆင့်တိုင်းတွင် မြန်မာပြည်သူ လူထု၏လူမှုစီးပွားလိုအပ်ချက်များအား ဖြေရှင်းရေးအကူအညီဖြစ်စေမည့် သန့်ရှင်းကောင်းမွန်သော အုပ်ချုပ်မှု တည်ရှိရေး သေချာစေရန် (စင်္ကာပူ)

**အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လွတ်လပ်စွာ လုပ်ပိုင်ခွင့်**

၁၄၃.၄၄။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် လွတ်လပ်မှုတို့ကို ပဲရစ်စည်းမျဉ်းစည်းကမ်း (Paris Principles) နှင့်အညီ အာမခံပေးရန် (ချီလီ)

၁၄၃.၄၂။ အမျိုးသားလူ့အခွင့်အရေး အသင်းအဖွဲ့များနှင့် လုပ်ငန်းစဉ်များ ခိုင်မာရေး ဆက်လက်ဆောင်ရွက်ရန် (နီပေါ)

၁၄၃.၄၃။ ပဲရစ်စည်းမျဉ်းစည်းကမ်း (Paris Principles) နှင့်အညီ အမျိုးသားလူ့အခွင့်အရေးအဖွဲ့ ဖွဲ့စည်းရေး ရှေ့ရှုသော ဆောင်ရွက်မှုများ ပြုလုပ်ရန် (အီဂျစ်)

၁၄၃.၄၅။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၎င်းတို့၏ လုပ်ငန်းများကို ပဲရစ်စည်းမျဉ်းစည်းကမ်း (Paris Pinciples) နှင့်အညီ အပြည့်အဝ လုပ်ဆောင်နိုင်ခွင့် ပြုရန် (ဆီနီဂေါ)

၁၄၃.၄၆။ ယခင်က အကြံပြုထားသကဲ့သို့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က၎င်းတို့၏လုပ်ငန်းများကို ပဲရစ်စည်းမျဉ်းစည်းကမ်း (Paris Pinciples) နှင့်အညီ အပြည့်အဝလုပ်ဆောင်နိုင်စေရေး သေချာစေရန် (ပေါ်တူဂီ)

၁၄၃.၄၇။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အား ပဲရစ်စည်းမျဉ်းစည်းကမ်း (Paris Principles) နှင့်အညီ လုပ်ပိုင်ခွင့်ပေးရေး လိုအပ်သည်များကို ဆောင်ရွက်ရန် (ဆီရာလီယိုနီ)

၁၄၃.၄၈။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် စွမ်းဆောင်ရည်အပြည့် လုပ်ကိုင်နိုင်စေရန်အလို့ငှာ လိုအပ်သော ကူညီထောက်ပံ့မှုအားလုံးပေးအပ်ရန်နှင့် တရားစီရင်ရေးအသင်းအဖွဲ့များ၏လုပ်နိုင်စွမ်းကိုမြှင့် တင်ရေးအပါအဝင် တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်ရန် (ကိုရီးယား ပြည်သူ့သမ္မတနိုင်ငံ)

**တရားစီရင်ရေးစနစ် လွတ်လပ်မှုနှင့် ရှေ့နေများ၊ တရားသူကြီးများကို ကာကွယ်ပေးခြင်း**

အောက်ပါ အကြံပြုချက်များကို သုံးသပ်ပြီးနောက် ၂၀၁၆ ခုနှစ် မတ်လတွင် **အပြည့်အဝ** လက်ခံခဲ့သည်။

၁၄၄.၇၃။ မသင့်လျော်သည့် ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ရှေ့နေများနှင့် တရားသူကြီးများက ၎င်းတို့၏လုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်ရေး၊ အသက်မွေးဝမ်းကြောင်းနယ်ပယ်အလိုက် ၎င်းတို့ကိုယ်တိုင် ကြီးကြပ် အုပ်ချုပ်သော အသင်းအဖွဲ့များ တရားဝင်ဖွဲ့စည်းရေးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေးတို့အတွက် ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုများတွင် အာမခံပေးရန် (ဩစတြီးယား)

၁၄၄.၇၄။ ရွေ့နေများအခန်းကဏ္ဍဆိုင်ရာကုလသမဂ္ဂ၏အခြေခံစည်းမျဉ်းများနှင့်အညီ ပရော်ဖက်ရှင်နယ်ဥပဒေ စံနှုန်းများနှင့် စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများကိုသတ်မှတ်ရန် (ဟန်ဂေရီ)

အောက်ပါ အကြံပြုချက်များမှာ သုံးသပ်မှုပြီးနောက် ၂၀၁၆ ခုနှစ် မတ်လတွင် **မူအားဖြင့်** လက်ခံခဲ့သည့် အကြံပြု ချက်များဖြစ်သည်။

၁၄၄.၇၅။ ရွေ့နေများကောင်စီအား အမှန်တကယ်လွတ်လပ်ကာ ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်ရရေး ရွေ့နေများ ကောင်စီ အက်ဥပဒေကို ပြင်ဆင်ရန် (ဟန်ဂေရီ)

၁၄၄.၇၆။ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့်ကုလသမဂ္ဂ၏လူ့အခွင့်အရေးလုပ်ငန်းစဉ်များအရ ရွေ့နေများ ကောင်စီ၏လွတ်လပ်မှု၊ ဥပဒေရေးရာသင်ကြားမှုများတိုးတက်ရေး၊ ဥပဒေရေးရာအသက်မွေးမှုလုပ်ငန်း ဖွံ့ဖြိုးရေးတို့ သေချာစေရန်အတွက် ရွေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်ရန် (ကနေဒါ)

**တရားစီရင်ရေးအသင်းအဖွဲ့များ၏ စွမ်းဆောင်ရည် တိုးတက်ရေး**

၁၄၃.၄၈။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က စွမ်းဆောင်ရည်အပြည့်လုပ်ကိုင်နိုင်စေရန်အလို့ငှာ လိုအပ် သော ကူညီထောက်ပံ့မှုအားလုံးပေးအပ်ရန်နှင့် တရားစီရင်ရေးအသင်းအဖွဲ့များလုပ်နိုင်စွမ်းကို မြှင့်တင်ရေးအပါ အဝင် တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုဆက်လက်လုပ်ဆောင်ရန် (ကိုရီးယား ပြည်သူ့ သမ္မတနိုင်ငံ)

**ရဲတပ်ဖွဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေး**

၁၄၃.၁၈။ ဒေသန္တရရဲတပ်ဖွဲ့များအား ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းအားဖြင့် ဒီမိုကရေစီကျင့်သုံးမှု လုပ်ငန်းစဉ်ကို ဆက်လက် အကောင်အထည်ဖော်ရန် (ဂရိ)

**ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှု အနိမ့်ဆုံးအသက်**

၁၄၃.၈၃။ ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှု အနိမ့်ဆုံးအသက်အရွယ်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ တိုးမြှင့်ရန် အလို့ငှာ ဥပဒေပြဌာန်းချက်များကို သုံးသပ်ရန် (ချီလီ)

မြန်မာအစိုးရမှာ လက်ရှိတွင် ကလေးသူငယ်ဥပဒေကို ကလေးသူငယ်အခွင့်အရေး သဘောတူညီချက်နှင့်အညီ ဖြစ်စေရန် စီစစ်သုံးသပ်မှုများ ပြုလုပ်နေသောကြောင့် အောက်ပါအကြံပြုချက်ကို မူအားဖြင့် လက်ခံခဲ့သည်။

၁၄၄.၇၇။ ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှု အနိမ့်ဆုံးအသက်အရွယ်ကို နိုင်ငံတကာ စံနှုန်းနှင့်အညီ တိုးမြှင့်ရန် (လစ်သူယေးနီးယား)

## ၃.၁.၅။ အရေးယူခံရမှုမှ လွတ်မြောက်နေခြင်းကို တိုက်ဖျက်ရေး

မြန်မာအစိုးရမှာ အရေးယူခံရမှုမှ လွတ်မြောက်ခြင်းကိစ္စကို တိုက်ဖျက်ရန်အတွက် စိတ်အားထက်သန်မှုရှိသည်ဟု ဖော်ပြခဲ့ သည်။ အောက်ပါအကြံပြုချက်များမှာ မြန်မာနိုင်ငံ၏ထောက်ခံမှုကို ရရှိခဲ့သည့် အကြံပြုချက်များမှ ဥပမာအနေဖြင့် ဖော်ပြ ထားခြင်းဖြစ်သည်။

၁၄၃.၈၀။ အရေးယူခံရမှုမှ လွတ်မြောက်နေခြင်းကို တိုက်ဖျက်ရန် (ဆီနီဂေါ)

၁၄၃.၈၂။ ပြည်သူလူထုအားလုံး၏ အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ လေးစားမှုခံရရေးအတွက် ကြိုးပမ်း အားထုတ်မှုများ ဆက်လက်ဆောင်ရွက်သွားရန်နှင့် လူ့အခွင့်အရေးချိုးဖောက်သူများအား စုံစမ်းစစ်ဆေးခြင်း၊ အရေးယူ အပြစ်ပေးခြင်းတို့ ဆောင်ရွက်မည်ဟု အာမခံပေးရန်၊အရေးယူခံရမှုမှ လွတ်မြောက်နေခြင်းကို တိုက်ဖျက်ရန်အတွက် စိတ်ဆန္ဒရှိကြောင်း ဖော်ပြရန် (အာဂျင်တီးနား)

၁၄၃.၈၁။ ငြင်းပမ်းနိုင်စက်မှုနှင့် မတော်မတရားဆက်ဆံမှုတို့ကို ကျူးလွန်သည်ဟု စွပ်စွဲခံထားရသော ရဲတပ်ဖွဲ့ဝင်များနှင့် စစ်ဖက်ဆိုင်ရာအရာရှိများအား ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်မှတစ်ဆင့် ၎င်းတို့၏ လုပ်ရပ်အား တာဝန်ခံစေရေး ဆောင်ရွက်ရန် (လစ်သူယေးနီးယား)

၁၄၃.၆၆။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံအားလုံးမှ အပြည့်အဝကာကွယ်စောင့်ရှောက်ပေးရေးကို အာမခံထားသော ဥပဒေပြဋ္ဌာန်းအကောင်အထည်ဖော်ရန်နှင့် အရေးယူခံရခြင်းမရှိသော ကျူးလွန်သူများ ကိစ္စအား ထိုဥပဒေအရ ဖြေရှင်းရန် (ဆွီဒင်)

## ၃.၁.၆။ ခြစားမှု တိုက်ဖျက်ရေး

မြန်မာအစိုးရသည် ခြစားမှုတိုက်ဖျက်ရေးကဏ္ဍတွင် စိတ်အားထက်သန်မှုရှိကြောင်း ပြသခဲ့ပြီး အောက်ပါအကြံပြုချက်များ က ၎င်းတို့၏ လက်ခံမှုကို ရရှိသော အကြံပြုချက်များဖြစ်သည်။

၁၄၃.၈၄။ ခြစားမှုပြဿနာကို ထိထိရောက်ရောက် ဖြေရှင်းရန် (ကျူးဘား)

၁၄၃.၈၅။ ကောင်းမွန်သောအုပ်ချုပ်ရေးကို အာမခံပေးရန် ရည်ရွယ်သည့် ပြုပြင်ပြောင်းလဲမှုကို အရှိန်မြှင့်လုပ်ဆောင်ရန် နှင့် ခြစားမှုပြဿနာကို ပိုမို အားသွန်ခွန်စိုက်ဖြေရှင်းရန် (ဂျော်ဂျီယာ)

## ၃.၁.၇။ အခြေခံလွတ်လပ်ခွင့်များအပေါ် ကန့်သတ်ထားမှုကို ဖြေရှင်းရေး

အခြေခံလွတ်လပ်ခွင့်များပေါ် ကန့်သတ်ထားမှုကို ဖြေရှင်းရန်အတွက် မြန်မာအစိုးရက စိတ်အားထက်သန်မှု အနည်းငယ် ကိုသာ ပြသခဲ့သည်။ အောက်ပါအကြံပြုချက်များမှာ ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာအစိုးရက လက်ခံခဲ့သော အကြံပြုချက် များဖြစ်သည်။

### ဘာသာရေးလွတ်လပ်ခွင့်နှင့် ဘာသာကူးပြောင်းမှု

၁၄၃.၉၆။ ဘာသာကူးပြောင်းမှုအခွင့်အရေးကို အာမခံပေးထားသည့် ကြိုးပမ်းအားထုတ်မှုတိုင်းကို ဆောင်ရွက် ရန်၊ ဘာသာရေးလွတ်လပ်ခွင့်ကို အလေးထားပြီး အထူးသဖြင့် ဘာသာရေးကျင့်သုံးမှုကို ခွင့်ပြုသည့် မည်သည့် ကြိုးပမ်းအားထုတ်မှုမျိုးကိုမဆို ဆောင်ရွက်ရန် (ဗာတီကန်)

၁၄၃.၉၇။ ဘာသာရေး သို့မဟုတ် အယူဝါဒ လွတ်လပ်ခွင့်၊ တိုင်းရင်းသားလူနည်းစု၊ ဘာသာရေးလူနည်းစုတို့နှင့် သက်ဆိုင်သည့် လူ့အခွင့်အရေးများကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့်အညီ အပြည့်အဝလေးစားရန် (ပိုလန်)

၁၄၃.၈၈။ ဘာသာရေး သို့မဟုတ် အယူဝါဒ လွတ်လပ်ခွင့်၊ လွတ်လပ်စွာဖော်ပြခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့် ငြိမ်းချမ်းစွာ စုဝေးခွင့်၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခွင့် စသည်တို့ အပါအဝင် လူတိုင်းအတွက် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် (ဘော့စ်ဝါနာ)

### လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ဖော်ပြခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်

၁၄၃.၉၈။ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ဖော်ထုတ်ခွင့်အား ကာကွယ်ရေး ဆောင်ရွက်ရန် (နယူးဇီလန်)

၁၄၃.၉၉။ လွတ်လပ်စွာ ဖော်ပြခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ကို ဥပဒေဘောင်အတွင်းမှ ကျင့်သုံးသူများ တုန့်ပြန်လက်စားချေခံရမှု မရှိရေး သေချာအောင်ဆောင်ရွက်ရန် (အီတလီ)

၁၄၃.၈၈။ ဘာသာရေး သို့မဟုတ် အယူဝါဒလွတ်လပ်ခွင့်၊ လွတ်လပ်စွာဖော်ပြခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်၊ ပြည်သူ့ရေးရာနှင့်နိုင်ငံရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခွင့် စသည်တို့အပါအဝင် လူတိုင်းအတွက် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် (ဘော့စ်ဝါနာ)

အောက်ပါ အကြံပြုချက်များမှာ သုံးသပ်မှုပြီးနောက် ၂၀၁၆ ခုနှစ် မတ်လက လက်ခံခဲ့သည့် အကြံပြုချက်များ ဖြစ်သည်။

၁၄၄.၈၀။ လွတ်လပ်စွာဖော်ပြခွင့်နှင့် သက်ဆိုင်သည့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန်အတွက် သတင်းမီဒီယာ ဥပဒေ၊ ၂၀၁၄ခုနှစ် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း ဥပဒေကို မီဒီယာသမားများ၏ အကြံပြုချက်နှင့်အတူ ပြန်လည်သုံးသပ်ရန် (ဘယ်လ်ဂျီယံ)

၁၄၄-၈၁။ နိုင်ငံအတွင်း လွတ်လပ်စွာပြောဆိုခွင့်ကို မြှင့်တင်ရန်အလို့ငှာ သတင်းမီဒီယာဥပဒေ၊ ၂၀၁၄ ခုနှစ်၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း ဥပဒေတို့ကို နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီစေရန်အတွက် သုံးသပ်မှုပြုလုပ်ရေး စဉ်းစားရန် (ဂါနာ)

၁၄၄.၈၄။ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊ စံနှုန်းများနှင့်အညီ ငြိမ်းချမ်းစွာစုဝေးခွင့်ကို ကာကွယ်စောင့်ရှောက်ရေး ခိုင်မာစွာ ဆောင်ရွက်ရန် (ဘရာဇီးလ်)

၁၄၄.၃၁။ မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာစာနယ်ဇင်းကောင်စီတို့အပါအဝင် လူ့အခွင့်အရေးအဖွဲ့များအား ထိရောက်ပြီး လွတ်လပ်သည့် အဖွဲ့အစည်းများအဖြစ် လုပ်ငန်းဆောင်တာများ လုပ်ဆောင်နိုင်စေရန် (ထိုင်း)

### ၃.၁.၈။ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး

အောက်ပါအကြံပြုချက်မှာ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးကိစ္စနှင့်ပတ်သက်၍ မြန်မာအစိုးရက လက်ခံခဲ့သော အကြံပြုချက်ဖြစ်သည်။

၁၄၃.၆၅။ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်လွှတ်ပေးရန်နှင့် အစိုးရ၊ အရပ်ဖက်တို့ ပါဝင်သော ပူးပေါင်းကော်မတီ တစ်ခု ပြန်လည်ဖွဲ့စည်းရန် (ပြင်သစ်)

### ၃.၁.၉။ လူတိုင်းအတွက် ကျန်းမာရေး၊ ပညာရေးနှင့် အခြားသောအခြေခံဝန်ဆောင်မှုများ ရရှိမှု တိုးတက်ရေး

ပြည်သူအားလုံးအတွက် ကျန်းမာရေး၊ ပညာရေးနှင့် အခြားသော အခြေခံဝန်ဆောင်မှုများ ရရှိခံစားနိုင်မှု တိုးတက်ရေး အတွက်ဆောင်ရွက်ရန် စိတ်ဆန္ဒရှိကြောင်း မြန်မာအစိုးရက ပြသခဲ့သည်။ အောက်ပါ အကြံပြုချက်များမှာ မြန်မာအစိုးရက လက်ခံခဲ့သည့် အကြံပြုချက်များဖြစ်သည်။

၁၄၃.၈၇။ ပြည်သူအားလုံးအတွက် အခြေခံဝန်ဆောင်မှုများ၊ ထိုနည်းတူစွာ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်တို့ကို ရရှိခံစားနိုင်စေရေး အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်သွားရန် (ဂျပန်)

၁၄၃.၁၀၅။ နိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်း လက်လှမ်းမီ လွှမ်းခြုံနိုင်စေရေး (Universal Health Coverage) ရည်မှန်းချက် အောင်မြင်ရန်အတွက် သင့်လျော်သည်များကို ဆောင်ရွက်ရန် (ဘရူနိုင်း ဒါရူစလာမ်)

၁၄၃.၁၀၈။ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ထပ်ဆောင်းဘဏ္ဍာရေးထောက်ပံ့မှုများ လျာထားပေးရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရာတွင် ထိခိုက်ခံစားလွယ်သော ပြည်သူများ ရင်ဆိုင်နေရသည့် ဝန်ထုတ်ဝန်ပိုးကို လျှော့ချရန် (ဗီယက်နမ်)

၁၄၃.၁၀၉။ အမျိုးသမီးများနှင့် ကလေးငယ်များအားအထူးအလေးထားမှုနှင့်အတူ ကျန်းမာရေးအသုံးစားရိတ်ကို တိုးမြှင့်ရန်၊ သို့မှသာသက်ဆိုင်ရာ MDGs များအမြန်ဆုံး အောင်မြင်မည်ဖြစ်သည်။ (တရုတ်)

၁၄၃.၁၁၀။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ခွဲဝေပေးသော နိုင်ငံတော်အသုံးစားရိတ်အချိုးကို ထိထိရောက်ရောက် မြှင့်တင်ပေးရန်နှင့် ဒေသကိုလိုက်၍ကျန်းမာရေးစောင့်ရှောက်မှုများ ခြားနားချက်များကို ဖြေရှင်းရန်၊ ကျန်းမာရေးကဏ္ဍတွင် လူ့စွမ်းအရင်းအမြစ်ကို ချဲ့ထွင်ရန် အထူးသဖြင့် ဂမ်းဆွဲဆရာမ အလုံအလောက်ကို လေ့ကျင့်သင်ကြားပေးရန်နှင့် နိုင်ငံတစ်ဝှမ်းသို့ စေလွှတ်ပေးရန် (ဆွီဒင်)

၁၄၃.၁၁၁။ လုံလောက်သည့် ပညာသင်ကြားမှုအခွင့်အလမ်း ဖော်ဆောင်ပေးခြင်းအပါအဝင် အရည်အသွေးပြည့်မီပြီး လူတိုင်းတတ်နိုင်သည့် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရေး ဆောင်ရွက်မှုများကို နစ်ဆတိုးရန် (တီမော လက်စ်တေ)

၁၄၃.၁၁၂။ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသောနယ်ပယ်များတွင် နိုင်ငံသားများအနေဖြင့် ၎င်းတို့၏အခြေခံ လွပ်လပ်ခွင့်များ၊ အခွင့်အရေးများအား ခွဲခြားခံရမှုမရှိဘဲ ရရှိခံစားနိုင်ရေးကို ဆက်လက် မြှင့်တင် ကာကွယ်ပေးရန် (နိုက်ဂျီးရီးယား)

၁၄၃.၁၁၃။ ပြည်သူလူထုအနေဖြင့် ညီတူညီမျှပညာသင်ကြားနိုင်အောင် ဆောင်ရွက်ပေးရန် (အီရန် အစ္စလာမ့်ပြည်သူ့သမ္မတနိုင်ငံ)

၁၄၃.၁၁၄။ ပညာရေးတွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားရန်၊ မူလတန်းနှင့် အလယ်တန်း ကျောင်းသားများအား အခမဲ့ ပညာရေးကို ဆက်လက်ပေးအပ်သွားရန် (ဘရူးနိုင် ဒါရူစလာမ်)

၁၄၃.၁၁၅။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး ညီတူညီမျှ ပညာသင်ကြားနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို ဆက်လက် ဆောင်ရွက်သွားရန် (လာအို ပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ)

၁၄၃.၁၁၆။ နိုင်ငံအတွင်း လူနည်းစုများအပါအဝင် တိုင်းရင်းသားပြည်သူများအားလုံး ညီတူညီမျှ ပညာသင်ကြားနိုင်စေရေး ဆက်လက်ဆောင်ရွက်သွားရန် (ကိုရီးယား ပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ)

၁၄၃.၁၁၇။ ပညာရေး၊ လေ့ကျင့်သင်ကြားပေးရေးနှင့် ထိခိုက်ခံစားလွယ်သည့်အုပ်စုများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့်နိုင်ငံ၏လူ့စွမ်းအားဖွံ့ဖြိုးရေး ဆက်လက်ကြိုးပမ်းအားထုတ်သွားရန် (သီရိလင်္ကာ)

၁၄၃.၁၅။ အရက်ဖက်လူမှုအဖွဲ့အစည်းများမှ ပေးအပ်သော အမြင်များ၊ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားကာ လက်ရှိ ကလေးသူငယ်ဥပဒေအား ပြန်လည်ပြဌာန်းသက်မှတ်ရေး လုပ်ငန်းစဉ်ကို အလျင်အမြန် ဆောင်ရွက်သွားရန် (ဘူတန်)

၁၄၃.၂၆။ နိုင်ငံရှိသက်ကြီးရွယ်အိုများနှင့် အခြားသော ထိခိုက်ခံစားလွယ်သည့်အုပ်စုများအတွက် ကာကွယ်စောင့်ရှောက်မှုပေးအပ်ရေး ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ဆောင်ရွက်သွားရန် (ဘရူးနိုင်း ဒါရူစလာမ်)

### ၃.၁.၁၀။ မွေးစာရင်းသွင်းမှုနှင့် နိုင်ငံသားသတ်မှတ်မှုကဏ္ဍ တိုးတက်ရေး

အောက်ပါအကြံပြုချက်မှာ မြန်မာနိုင်ငံ၏ ထောက်ခံမှုကို ရရှိသော အကြံပြုချက်ဖြစ်သည်။

၁၄၃.၁၁၉။ နိုင်ငံသားသတ်မှတ်မှုလုပ်ငန်းစဉ်များအား အရှိန်မြှင့်ဆောင်ရွက်ရန်၊ သို့မှသာ လက်ရှိတွင် အသိအမှတ်ပြု အထောက်အထားများရရှိရန် အဟန့်အတားဖြစ်နေသူများမှာ တရားမဝင်အခြေအနေဖြင့် နေထိုင်ရသည့်ဘဝမှ လွတ်မြောက်မည်ဖြစ်သည်။ (ပြင်သစ်)

အောက်ပါအကြံပြုချက်မှာ သုံးသပ်မှုပြီးနောက် ၂၀၁၆ ခုနှစ် မတ်လတွင် လက်ခံခဲ့သည့် အကြံပြုချက်ဖြစ်သည်။

၁၄၄.၅၅။ တိုင်ကြားမှုကိုင်တွယ်ဖြေရှင်းရေး လုပ်ငန်းစဉ်အပါအဝင် လူတိုင်း မွေးစာရင်းရရှိနိုင်သော ရှင်းလင်းထိရောက်သည့် မွေးစာရင်းသွင်းမှု စနစ်တစ်ခု ဖော်ဆောင်ရန် (နမီးဘီးယား)

### ၃.၁.၁၁ မြေယာစာရင်းသွင်းမှုစနစ် တိုးတက်ရေး

အောက်ဖော်ပြပါအကြံပြုချက်များမှာ မြန်မာနိုင်ငံက လက်ခံခဲ့သော အကြံပြုချက်များဖြစ်ပြီး မြေယာစာရင်းသွင်းမှုစနစ် တိုးတက်ရေး လုပ်ဆောင်ရန်အတွက် စိတ်အားထက်သန်မှုရှိကြောင်း ဖော်ပြနေသည်။

၁၄၃.၁၂၃။ တိုင်ကြားမှုများကိုင်တွယ်ရေး ရှင်းလင်းသောလုပ်ငန်းစဉ်အပါအဝင် ထိရောက်မှုရှိသည့် မြေယာစာရင်းသွင်း ရေးစနစ်တစ်ခု ဖော်ဆောင်ကာ ကျေးလက်ဒေသများတွင် တင်းမာမှုများ လျော့ချရန် (ဂျာမနီ)

၁၄၃.၁၂၄။ မတရားသဖြင့်သော်လည်းကောင်း၊ ထင်ရာစိုင်း၍သော်လည်းကောင်းမြေယာများ သိမ်းဆည်းခံထားရသည့် လယ်သမားများနှင့် အခြားသူများအား ၎င်းတို့၏ လယ်ယာမြေများကို ပြန်လည်ပေးအပ်ကာလယ်ယာမြေ သိမ်းဆည်းမှု ပြဿနာကို ထိထိရောက်ရောက်ဖြေရှင်းရန်(ချက် ပြည်သူ့သမ္မတနိုင်ငံ)

### ၃.၁.၁၂။ ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ရေး

မြန်မာပြည်သူလူထုအား ကာကွယ်စောင့်ရှောက်မှု တိုးတက်စေရန်အတွက် ဆန္ဒရှိကြောင်းကို မြန်မာအစိုးရက နည်းလမ်း မျိုးစုံဖြင့် ဖော်ပြခဲ့သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

#### လူကုန်ကူးမှုပြဿနာ ဖြေရှင်းရေး

အောက်ပါအကြံပြုချက်များမှာ မြန်မာအစိုးရ၏ထောက်ခံမှုကို ရရှိသော အကြံပြုချက်များဖြစ်သည်။

၁၄၃.၇၄။ လူကုန်ကူးမှုနှင့် ပြောင်းရွှေ့အခြေချသူများအား ကုန်လမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် တရားမဝင်ပို့ဆောင်နေသူများအားတားဆီးနိမ်နင်းရေးကို ရှေ့ရှုကာ ကြိုးပမ်းအားထုတ်ရန် (ဂရိ)

၁၄၃.၇၅။ လူကုန်ကူးသူများ၊ တရားမဝင်ပို့ဆောင်သူများကိုတရားဥပဒေရှေ့မှောက်သို့ပို့ဆောင်ခြင်းအပါအဝင် လူကုန်ကူးမှုအား တစ်ဦးချင်းအနေအထားဖြင့် တိုက်ဖျက်ရေးကြိုးပမ်းအားထုတ်မှုများကို နှစ်ဆတိုး ဆောင်ရွက် ရန် (မလေးရှား)

၁၄၃.၇၆။ ကလေးငယ်များအား ရောင်းချမှုနှင့် လူကုန်ကူးမှု ပုံစံအားလုံးကို စုံးစမ်းစစ်ဆေးခြင်း၊ တရားစွဲ ဆိုခြင်းတို့အား အထူးအာရုံစိုက် ဆောင်ရွက်ခြင်းနှင့်အတူ လူကုန်ကူးမှုတားဆီးရေး ဆက်လက်အားထုတ် ဆောင်ရွက်သွားရန် (ဆားဘီးယား)

#### လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးများအား (တပ်သားသစ်) စုဆောင်းမှုပြဿနာကို ဆက်လက်ဖြေရှင်းရေး

အောက်ပါအကြံပြုချက်မှာ မြန်မာအစိုးရက လက်ခံခဲ့သည့် အကြံပြုချက်ဖြစ်သည်။

၁၄၃.၇၂။ စစ်ဖက်ဆိုင်ရာ လှုပ်ရှားမှုများတွင် ကလေးငယ်များအား လူသစ်စုဆောင်းမှုနှင့် ပါဝင်မှုတို့ကို အဆုံးသတ်ရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန် (မက္ကဆီကို)

#### လက်နက်ကိုင်ပဋိပက္ခတွင် အရပ်သားများအား ကာကွယ်မှုကို တိုးတက်စေရေး

အောက်ပါအကြံပြုချက်မှာ မြန်မာအစိုးရ၏ ထောက်ခံမှုကို ရရှိခဲ့သည့် အကြံပြုချက်ဖြစ်သည်။

၁၄၃.၇၃။ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ ဒေသများအတွင်း အရပ်သားများ၊ အထူးသဖြင့် ကလေးငယ်များကို အပြည့်အဝကာကွယ်စောင့်ရှောက်ပေးရေးမူဝါဒများ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရန် (အီကွေဒေါ်)

#### လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခံစားခွင့်များ တိုတက်စေရေး

အောက်ပါ အကြံပြုချက်များမှာ မြန်မာအစိုးရ၏ ထောက်ခံမှုကို ရရှိခဲ့သည့် အကြံပြုချက်များ ဖြစ်သည်။

၁၄၃.၁၂၁။ ရခိုင်ပြည်နယ်နှင့် အခြားသော ထိခိုက်ခံစားရသည့် ဒေသများရှိ အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူများ အပါအဝင်လိုအပ်မှုများရှိနေသော လူ့အဖွဲ့အစည်းအားလုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရရှိခံစားခွင့်ပြုရန် (ကူဝိတ်)

၁၄၃.၁၂၂။ ဝေးလံခေါင်ဖျားသော ဒေသများအပါအဝင် ပြည်တွင်းအိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူများ၏ စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု၊ စားနပ်ရိက္ခာနှင့် ပညာရေးဝန်ဆောင်မှုများပေးအပ်မှု တိုးတက်ရေး လိုအပ်သည်များအားလုံးကို ဆက်လက်၍ သတ်မှတ်အကောင်အထည်ဖော်ရန် (ပနားမား)

**ပြည်တွင်း အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူများ ၎င်းတို့၏ သဘောဆန္ဒအလျောက် ဘေးအန္တရာယ်ကင်းစွာ နေရပ်ပြန်နိုင်ရေး**

အောက်ပါအကြံပြုချက်မှာ မြန်မာအစိုးရ၏ ထောက်ခံမှုကို ရရှိခဲ့သည့် အကြံပြုချက်ဖြစ်သည်။
၁၄၃.၁၂၀။ ပြည်တွင်း အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူများအားလုံး ၎င်းတို့၏ နေရပ်သို့ ဆန္ဒအလျောက် အန္တရာယ်ကင်းစွာ ပြန်နိုင်ရန် (တူရကီ)

**လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား ကာကွယ်ပေးရန်**

၁၄၄.၈၂။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ကာကွယ်ပေးရန် (ချီလီ)

၁၄၄.၈၃။ နိုင်ငံသားများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် ဂျာနယ်လစ်များအတွက် ဘေးအန္တရာယ် ကင်းရှင်းပြီး လုပ်နိုင်ကိုင်နိုင်သော ဝန်းကျင်တစ်ခု ဖန်တီးပေးရန်နှင့် ထိုဝန်းကျင်ကို ထိန်းသိမ်းထားရန် (နော်ဝေ)

**၃.၁.၁၃။ အမျိုးသမီးခေါင်းဆောင်မှုနှင့် စွမ်းအားမြှင့်တင်မှု တိုးမြှင့်ရေး**

မြန်မာအစိုးရမှာ အမျိုးသမီးခေါင်းဆောင်မှုကဏ္ဍနှင့် စွမ်းအားမြှင့်တင်မှု တိုးမြှင့်ဆောင်ရွက်ရေးအတွက် စိတ်ဆန္ဒရှိကြောင်း ဖော်ပြခဲ့သည်။ အောက်ပါအကြံပြုချက်များမှာ မြန်မာအစိုးရက လက်ခံခဲ့သော အကြံပြုချက်များဖြစ်သည်။

၁၄၃.၅၃။ အမျိုးသမီးများအား စွမ်းအားမြှင့်တင်မှု တိုးမြှင့်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် (ပါကစ္စတန်)

၁၄၃.၅၄။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပိုမိုကိုယ်စားပြုပါဝင်နိုင်ရေး ဆောင်ရွက်ရန် (ဆလိုဗေးနီးယား)

၁၄၃.၅၆။ ကျား၊ မ တန်းတူညီမျှရေး ဆောင်ရွက်မည်ဟု ၂၀၁၁ ခုနှစ်က ပေးထားသော ကတိကဝတ်ကို အကောင်အထည်ဖော်ရန် (ပြင်သစ်)

၁၄၃.၅၈။ CEDAW သဘောတူညီချက်ပါအတိုင်း ကျင့်သုံးရန်နှင့် စာချုပ်တွင် ဖော်ပြထားသည့် မျှော်မှန်းချက်များအတွက် အမျိုးသမီးများအား ထင်သာမြင်သာရှိပြီး ပြည့်ဝသည့်အခန်းကဏ္ဍကို ပေးအပ်ရန် (ဆီရာလီယိုနီ)

၁၄၃.၅၉။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်းကို ဆက်လက်အကောင်အထည် ဖော်သွားရန် (အစ္စရေး)

၁၄၃.၁၀၂။ ပြည်သူ့ရေးရာနှင့် လူမှုစီးပွားကိစ္စရပ်များတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်မှုကို ဆက်လက်တိုးမြှင့်သွားရန် (ဗင်နီဇွဲလား ဘိုလစ်ဗာရီယန် ပြည်သူ့သမ္မတနိုင်ငံ)

၁၄၃.၁၀၃။ နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်မှုကို တိုးမြှင့်ခြင်းအားဖြင့် အမျိုးသမီးများ၏အခွင့်အရေးကို ဆက်လက် မြှင့်တင်သွားရန် (အီတလီ)

အောက်ပါအကြံပြုချက်များမှာ သုံးသပ်မှုပြီးနောက် ၂၀၁၆ ခုနှစ် မတ်လက လက်ခံခဲ့သော အကြံပြုချက်များဖြစ်သည်။
၁၄၄.၃၀။ အမျိုးသမီးများ၊ တိုင်းရင်းသားအုပ်စုများ၊ ပြည်တွင်း အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူများနှင့် ဒုက္ခသည်များကို အမျိုးသား ပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲ အပါအဝင် နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်ရေး သဘောတူညီ

ချက် အကောင်အထည်ဖော်ရေးတွင် ထိရောက်ပြီး အရေးပါသည့်ပူးပေါင်းပါဝင်မှုရှိစေရေး ထောက်ပံ့ကူညီသွားရန် (ဖင်လန်)

အောက်ပါအကြံပြုချက်၏ **ပထမပိုင်း**ကို သုံးသပ်မှုပြုလုပ်ပြီးနောက် ၂၀၁၆ ခုနှစ်၊ မတ်လတွင် မြန်မာအစိုးရက လက်ခံခဲ့သည်။

၁၄၄-၇၂။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးရေးဥပဒေတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိစ္စ ပါဝင်ရန် ပြင်ဆင်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် စစ်တပ်က အရေးယူမခံရမှုကိုဖယ်ရှားခြင်း၊ သမ္မတရုံးတွင်ကျား၊ မရေးရာအကြံပေးတစ်ဦးခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရန် (ဂရိတ်ဗြိတိန်နှင့် မြောက်အိုင်ယာလန် ဘုရင့်နိုင်ငံ (ယူကေ))

## ၃.၁.၁၄။ စစ်ပွဲတွင် အဓမ္မပြုကျင့်မှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့အား တိုက်ဖျက်ရေး

ကျား၊ မ အခြေပြု အကြမ်းဖက်မှု၊ အမျိုးသမီးများ၊ ကလေးငယ်များအပေါ် အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့အား တိုက်ဖျက်ရေးအတွက် စိတ်အားထက်သန်မှုရှိကြောင်း မြန်မာအစိုးရက ပြသခဲ့သည်။

အောက်ပါ အကြံပြုချက်များမှာ မြန်မာအစိုးရ၏ ထောက်ခံမှုကို ရရှိသော အကြံပြုချက်များဖြစ်သည်။

၁၄၃.၅၅။ လူမှုဘဝ ကဏ္ဍအားလုံးတွင် ကျား၊ မ တန်းတူညီမျှရေးကို မြှင့်တင်ပေးရန်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို တိုက်ဖျက်ရန် (ဆိုက်ပရက်စ်)

၁၄၃.၆၆။ အကြမ်းဖက်မှုပုံစံအားလုံးမှ အမျိုးသမီးများအား အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးရေးကို အာမခံထားပြီး ကျူးလွန်သူများ အရေးယူမခံရမှုကို ဖြေရှင်းပေးနိုင်မည့်ဥပဒေကို ပြဌာန်းအကောင်အထည်ဖော်ရန် (ဆွီဒင်)

၁၄၃.၆၇။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုမှ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ပေးရေးနှင့် ၎င်းတို့အနေဖြင့် ဥပဒေရေးရာလုပ်ငန်းစဉ်များကို ခွဲခြားဆက်ဆံမှုမရှိဘဲ ရရှိခံစားနိုင်စေရေး အပြုသဘောဆောင်သည့် ဆောင်ရွက်မှု ပြုလုပ်ရန် (နမီးဘီးယား)

၁၄၃.၆၈။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် အိမ်တွင်းအကြမ်းဖက်မှုတို့ကို တားဆီးတိုက်ဖျက်ရေး ဥပဒေရေးရာ မူဘောင်တစ်ခု ဖော်ဆောင်ရန် (ဆားဘီးယား)

၁၄၃.၆၉။ အိမ်ထောင်အတွင်းသော်လည်းကောင်း၊ အိမ်ထောင်ပြင်ပသော်လည်းကောင်း ကျား၊ မအခြေပြု အကြမ်းဖက်မှု ပုံစံအားလုံးကို ဥပဒေဖြင့် ဖြေရှင်းရန် (စပိန်)

၁၄၃.၇၀။ စစ်ပွဲအတွင်း အဓမ္မပြုကျင့်မှု၊ အိမ်တွင်းအကြမ်းဖက်မှုတို့ကို တားဆီးတိုက်ဖျက်ရေးနှင့် ထိုကဲ့သို့ ကျူးလွန်မှုမှာ ရာဇဝတ်မှုမြောက်သည်ဟု သတ်မှတ်ရေး ထိထိရောက်ရောက် ဆောင်ရွက်သွားရန် (ပေါ်တူဂီ)

၁၄၃.၇၁။ စစ်ပွဲအတွင်း အဓမ္မပြုကျင့်မှုအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်း၊ အတင်းအဓမ္မ လက်ထပ်ခြင်းနှင့် အရွယ်မတိုင်မီ လက်ထပ်ခြင်းတို့အား တားမြစ်ခြင်းတို့ အပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များပေါ် အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှု ပုံစံအားလုံးကို တိုက်ဖျက်ရေး ခိုင်မာသော မူဝါဒများ ချမှတ်ရန် (ပါရာဂွေး)

၁၄၃.၇၇။ အမျိုးသမီးများအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုနှင့် ကလေးငယ်များအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ဘက်လိုက်မှုကင်းပြီး ထိရောက်သည့်စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်။ ကျူးလွန်ခံရသူများအား နစ်နာကြေးပေးခြင်း၊ ကျူးလွန်ခံရသူနှင့် ကျူးလွန်သူ နှစ်ဦးစလုံးအတွက် ဥပဒေရေးရာ ကူညီထောက်ပံ့ပေးမှု အပါအဝင် မျှတသည့်တရားရင်ဆိုင်မှုရရှိစေရေး ဆောင်ရွက်ပေးရန် (ဖင်လန်)

၁၄၃.၅၇။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုကို CEDAW သဘောတူညီချက်အရ ဥပဒေရေးရာ အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခု သတ်မှတ်ပေးရန် (ဩစတြီးယား)

### ၃.၁.၁၅။ အမုန်းစကားနှင့် အကြမ်းဖက်ရန် လှုံ့ဆော်မှုကို တန်ပြန် တိုက်ဖျက်ရေး

အောက်ပါ အကြံပြုချက်မှာ မြန်မာအစိုးရက လက်ခံခဲ့သော အကြံပြုချက်ဖြစ်သည်။

၁၄၃.၆၂။ အမုန်းစကားနှင့်အကြမ်းဖက်ရန် လှုံ့ဆော်မှုတို့အားတန်ပြန်တိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် (နယူးဇီလန်)

### ၃.၁.၁၆။ တိုင်းရင်းသားများ၊ ဘာသာရေးလူနည်းစုနှင့် အခြား လူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး

တိုင်းရင်းသားများနှင့် ဘာသာရေးလူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှု လျှော့ချရေး၊ တိုက်ဖျက်ရေး တို့နှင့်စပ်လျဉ်း၍ ကတိကဝတ်အချို့သာရှိနေသည်။ အောက်ပါ အကြံပြုချက်များမှာ မြန်မာအစိုးရ၏ ထောက်ခံမှုကို ရရှိခဲ့သည့် အကြံပြုချက်များဖြစ်သည်။

၁၄၃.၆၃။ မကြာသေးမီက ပြဌာန်းခဲ့သည့် အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေး ဥပဒေကြောင့် အမျိုးသမီးများနှင့် တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေး မဆုံးရှုံးစေရေး ဆောင်ရွက်ရန် (ဂျပန်)

၁၄၃.၆၇။ နိုင်ငံသားအားလုံးမှာလူမျိုးနှင့် နိုင်ငံသားဖြစ်မှုတို့အပေါ် ခွဲခြားဆက်ဆံခံရမှုမရှိစေဘဲ သဟဇာတဖြစ်စွာ နေထိုင်နိုင်ရေး ဆက်လက် ကြိုးပမ်းအားထုတ်သွားရန် (ဂျပန်)

၁၄၃.၆၁။ လူနည်းစု၊ တိုင်းရင်းသားနှင့် ယဉ်ကျေးမှုမတူသော အုပ်စုများအပေါ် ပြုလုပ်သည့် ခွဲခြားဆက်ဆံမှုအပါအဝင် ခွဲခြားဆက်ဆံမှု ပုံးစံအားလုံး အဆုံးသတ်ရေး ရည်ရွယ်ချက်ဖြင့် လူမှုရေးအစေးကပ်မှု အခြေအနေကို မြှင့်တင်ရန်အတွက် လုံလောက်သော ဆောင်ရွက်မှုများ ပြုလုပ်ရေး ဖြစ်နိုင်ချေများကို စဉ်းစားသွားရန် (အီကွေဒေါ)

၁၄၃.၇၈။ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများအပေါ်ပြုလုပ်သည့်အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအဖြစ်အပျက်အားလုံးအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် (အိုက်စလန်)

၁၄၃.၇၉။ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများအပေါ် အကြမ်းဖက်မှု ကျူးလွန်သည်ဟု သံသယရှိသူများကို သက်ဆိုင်ရာလုပ်ငန်းစဉ်အတိုင်း တရားဥပဒေစိုးမိုးရေးကို အလေးထား၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ တရားစွဲဆိုရန် (အိုက်စလန်)

၁၄၃.၂၄။ အစိုးရ၏ ဆုံးဖြတ်ချက်များတွင် ပူးပေါင်းပါဝင်စေခြင်း အပါအဝင် တိုင်းရင်းသား လူ့အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး အလေးပေးသော ဥပဒေပြန်ဌာန်းရန် (စလိုဗေးနီးယား)

၁၄၃.၂၅။ ကလေးငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများကဲ့သို့ ထိခိုက်ခံစားလွယ်သော အုပ်စုများအား ကာကွယ်စောင့်ရှောက်ရေးကို အားထည့်အကောင်အထည်ဖော်ရန်နှင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများပါဝင်ရေး ပိုမို ကြိုးပမ်းအားထုတ်ရန် (ဗာတီကန်)

၁၄၃.၁၁၈။ နိုင်ငံအတွင်းရှိ လူနည်းစုများ၏ အခြေအနေကို တိုးတက်အောင် ဆောင်ရွက်ရန် (ဂရိ)

၁၄၃.၁၁၅။ နိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးအားလုံး ပညာသင်ခွင့်အညီအမျှရရှိခံစားနိုင်ရန်အတွက် ဆက်လက် ကြိုးပမ်းအားထုတ်သွားရန်။ (လာအို ပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ)

၁၄၃.၁၁၆။ နိုင်ငံအတွင်းရှိ လူနည်းစုများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးကို ပညာသင်ခွင့် အညီအမျှ ပေးအပ်သွားရန်။ (ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံ)

### ၃.၁.၁၇။ ဘာသာ၊ လူမျိုးပေါင်းစုံ နားလည်မှုနှင့် သဟဇာတဖြစ်မှု ခိုင်မာစေရေး

ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ နားလည်မှုနှင့် သဟဇာတဖြစ်မှု ခိုင်မာစေရေး ဆောင်ရွက်ရန်အတွက် မြန်မာအစိုးရက အနည်းငယ် ဆန္ဒရှိသည်။အောက်ပါအကြံပြုချက်များမှာ မြန်မာအစိုးရက လက်ခံသော အကြံပြုချက်များဖြစ်သည်။

၁၄၃.၈၉။ လူ့အခွင့်အရေးယဉ်ကျေးမှု ပြန့်နှံ့စေရန်၊ဘာသာရေးနှင့် အယူဝါဒများအကြား သည်းခံနိုင်စွမ်းခိုင်မာအောင် ဆောင်ရွက်ရန် (ဆူဒန်)

၁၄၃.၉၀။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနှင့်လူ့အဖွဲ့အစည်းအတွင်း နားလည်မှု၊ သဟဇာတဖြစ်မှုကို ထိထိရောက်ရောက် မြှင့်တင်ရေး ပိုမို ကြိုးပမ်းအားထုတ်သွားရန် (မလေးရှား)

၁၄၃.၉၁။ ဘာသာပေါင်းစုံနှင့် လူ့အဖွဲ့အစည်းပေါင်းစုံ ဆွေးနွေးညှိနှိုင်းမှုကို မြှင့်တင်ပေးခြင်းအားဖြင့် လူ့အဖွဲ့အစည်း၏ မည်သည့်နေရာတွင်မဆို သည်းခံနိုင်စွမ်းနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို အောင်မြင်အောင် ဆောင်ရွက်ရန် (တူရကီ)

၁၄၃.၉၂။ တိုင်းရင်းသားအုပ်စုများနှင့် ဘာသာတရားများအကြား သဟဇာတဖြစ်မှုကို မြှင့်တင်ရန်အတွက် အမျိုးသားရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးမတူကွဲပြားမှု ထိန်းသိမ်းရေးကို ဆက်လက်ကြိုးပမ်းအားထုတ်သွားရန် (တရုတ်)

၁၄၃.၉၃။ ဘာသာရေးခေါင်းဆောင်များအကြား ဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ဘာသာရေးအုပ်စုများကြားတွင် ယုံကြည်မှုနှင့် ပြန်လည်ရင်ကြားစေ့မှုအခြေအနေမြင့်မားစေရေးဖြစ်ပြစ်သည့်ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ရန် (ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ)

၁၄၃.၉၄။ ဥပဒေရေးရာ မူဘောင်များအား သုံးသပ်ခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်း၊ ဘာသာပေါင်းစုံ ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခြင်းနှင့် လူ့အဖွဲ့အစည်းအတွင်းရှိ အုပ်စုများအားလုံး ပါဝင်သော ပူးပေါင်းဆောင်ရွက်ခြင်းတို့မှ တစ်ဆင့် နိုင်ငံအတွင်းရှိ လူ့အဖွဲ့အစည်းအားလုံးအကြား သည်းခံနိုင်စွမ်း၊ သဟဇာတဖြစ်မှုနှင့် လူ့အခွင့်အရေးအား လေးစားမှု တိုးမြှင့်ရေးကို ဆက်လက် ကြိုးပမ်းအားထုတ်သွားရန် (အင်ဒိုနီးရှား)

၁၄၃.၉၅။ ဝတ်ပြုရာနေရာများနှင့် သုသာန်များအား ဖျက်ဆီးခြင်းကို ကာကွယ်တားဆီးရန် (အီဂျစ်)

၁၄၃.၂၃။ လူမျိုးရေးနှင့် ဘာသာရေးကို အခြေခံသည့်ပဋိပက္ခများဆီသို့ ဦးတည်သွားနိုင်သော အခြေအနေမျိုး ပေါ်ထွက်လာမှုအားတားဆီးရေး ဆက်လက်၍ အထူးအာရုံစိုက်လုပ်ဆောင်သွားရန် (ရုရှားဖက်ဒရေးရှင်း)

၁၄၃.၂၇။ လူမျိုးရေးနှင့် ဘာသာရေးပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် ပြည်သူများအကြား ငြိမ်းချမ်းရေး ဆွေးနွေးမှုကို ဆက်လက်ဆောင်ရွက်သွားရန်နှင့် နိုင်ငံအတွင်းရှိ အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်ရန်။ (အီသီယိုးပီးယား)

### ၃.၂။ မြန်မာနိုင်ငံ၏ ထောက်ခံမှုကို မရရှိခဲ့သည့် အကြံပြုချက်များ

၂၀၁၅ ခုနစ် နိုဝင်ဘာလတွင် မြန်မာအစိုးရ၏ ထောက်ခံမှုကို မရရှိခဲ့သည့် ကနဦးအကြံပြုချက် ၆၉ ခုကို ဆန်းစစ်ရာတွင် အောက်ပါအကြံပြုချက်များ ပါဝင်သည်။

- ဌာနေမျိုးနွယ်စု နှင့်/သို့မဟုတ် ရိုဟင်ဂျာဟုသည့် စကားလုံး ပါဝင်သော အကြံပြုချက်များ အားလုံး
- နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမစာချုပ် (Rome Statues) (နှင့် တရားရုံး၏ အခွင့်ထူးခံနှင့် ကင်းလွတ်ခွင့်ဆိုင်ရာသဘောတူညီချက်(Agreement on Privileges and Immunities of the Court )) ကို လက်ခံ အတည်ပြုရေး ဖော်ပြထားသည့် အကြံပြုချက်များအားလုံး
- 'အကျယ်ချုပ် စခန်းများ' ဟူသည့် အသုံးအနှုန်းပါဝင်သော အကြံပြုချက်များအားလုံး
- 'အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေး'' ဥပဒေလေးခုကို ပယ်ဖျက်ရေး အစိုးရအား တိုက်တွန်းထားသော အကြံပြုချက်များအားလုံး
- ရဲတပ်ဖွဲ့၏ အင်အားအလွန်အကျွံ သုံးစွဲမှုများကို စုံစမ်းစစ်ဆေးရန် ဖွဲ့စည်းထားသော စုံစမ်းရေး ကော်မရှင် ဖျက်သိမ်းရေး တိုက်တွန်းထားသော အကြံပြုချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေ၊ **၁၉၈၂ နိုင်ငံသားဥပဒေနှင့် နိုင်ငံသားဖြစ်မှု** စသည်တို့ကို ရည်ညွှန်းထားသော အောက်ပါ အကြံပြုချက်များကိုလည်း မြန်မာအစိုးရက လက်မခံခဲ့ပေ။

၁၄၅.၇။ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၁၈ ပါ ဖော်ပြချက်နှင့်အညီ မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်ကို အာမခံရေး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် (ဘာရိန်း)

၁၄၅.၂၀။ 'အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးဥပဒေများ'၊ ၁၉၈၂ နိုင်ငံသားဥပဒေများကဲ့သို့ နိုင်ငံ၏ ဥပဒေများကို နိုင်ငံတကာ လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်အောင် ဆောင်ရွက်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ပညာသင်ယူပိုင်ခွင့်နှင့် အခြားသော အစိုးရ၏ဂန်ဆောင်မှုများကို ရရှိခံစားနိုင်ခွင့်တို့ကို အာမခံပေးထားသည့် ထိရောက်သော မွေးစာရင်း သွင်းခြင်းစနစ်တစ်ခု ဖော်ဆောင်ခြင်းတို့ အပါအဝင် ဘာသာရေးလူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှု တို့ကို အမြစ်ပြတ်အောင် ဆောင်ရွက်ရန် (ဂျာမနီ)

၁၄၅.၅၄။ လူမျိုးကိုအခြေခံကာ နိုင်ငံသားအဖြစ် သတ်မှတ်သည့် ၁၉၈၂ နိုင်ငံသားဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖယ်ရှားရန်နှင့် နိုင်ငံမဲ့မဖြစ်စေရေး ထိုဥပဒေကို ပြင်ဆင်ရန် (တူရကီ)

၁၄၅.၅၇။ ယခင်က ယာယီသက်သေခံကဒ်ပြား ကိုင်ဆောင်ထားသူများအပါအဝင် လူတိုင်း၏ နိုင်ငံသားဖြစ်မှု အခြေအနေကို ကာကွယ်ရေးနှင့် စနစ်ကျအောင်ပြုလုပ်ရေး ဆောင်ရွက်သွားရန် (ကနေဒါ)

၁၄၅.၅၈။ တိုင်းရင်းသားနှင့် လူမျိုးကို အခြေခံ၍ နိုင်ငံသားသတ်မှတ်မှု၊ နိုင်ငံသားအဆင့်များ ခွဲခြားထားမှုများကဲ့သို့ ခွဲခြားမှုသဘောပါသော ဥပဒေပြဋ္ဌာန်းချက်များအားလုံးကို ပယ်ဖျက်ရန် (ဆလိုဗေးနီးယား)

၁၄၅.၅၉။ နိုင်ငံသားအဆင့်များခွဲခြားသတ်မှတ်ခြင်းအား ပယ်ဖျက်ရန်နှင့် အသိအမှတ်ပြု စာရွက်စာတမ်းများတွင် လူမျိုးဖော်ပြချက် ပါဝင်နေမှုကို ဖယ်ရှားရန် (မက္ကဆီကို)

ဆက်လက်၍ **လိင်တူချစ်သူ လူ့အဖွဲ့အစည်းကို** ရည်ညွှန်းထားသည့် အောက်ပါ အကြံပြုချက်များမှာလည်း မြန်မာအစိုးရ၏ ထောက်ခံမှုကို မရရှိပေ။

၁၄၅.၂၁။ အမျိုးသမီးများ၊ ဘာသာရေးလူနည်းစုများနှင့် လိင်တူချစ်သူ လူ့အဖွဲ့အစည်းများ၏ အခွင့်အရေးကို သေချာစေရန်အတွက် 'အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေး ဥပဒေများ' နှင့် ၁၈၆၁ ခုနှစ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၇ အား ဖျက်သိမ်းရန် သို့မဟုတ် ပြင်ဆင်ရန် (ဩစတေးလျ)

၁၄၅.၂၉။ လိင်တူများအကြား သဘောဆန္ဒမပါသည့် လိင်ဆက်ဆံမှုကိုသာ အပြစ်ပေးရေးအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၇ ကို ပြင်ဆင်ရန် (စပိန်)

**ရွေးကောက်ပွဲလုပ်ငန်းစဉ်**ကို ရည်ညွှန်းထားသော အောက်ဖော်ပြပါ အကြံပြုချက်များကိုလည်း မြန်မာနိုင်ငံက လက်ခံခဲ့ခြင်း မရှိပေ။

၁၄၅.၃၇။ မဲပေးရန် အသက်ပြည့်မီသောသူများအားလုံးအတွက် လူမျိုးကိုအခြေမခံသည့် ကမ္ဘာလုံးဆိုင်ရာဆန္ဒမဲပေးပိုင်ခွင့်ကို သေချာအောင် ဆောင်ရွက်ရန် (နယူးဇီလန်)

၁၄၅-၃၈။ ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်တိုင်းတွင် နိုင်ငံရေးပါတီအားလုံးကို တူညီစွာလှုပ်ရှားဆောင်ရွက်ခွင့်ပေးခြင်း၊ ဒီမိုကရေစီနည်းကျရွေးကောက်ပွဲများမှ ရွေးကောက်တင်မြှောက်ထားသည့်အရပ်သားများသာ အပြည့်အဝကိုယ်စားပြုသော လွှတ်တော်ဖြစ်လာအောင်တည်ဆောက်ခြင်းတို့ဖြင့်ဒီမိုကရေစီဖော်ဆောင်ခြင်းနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ အခြားကိစ္စများကို ဆက်လက်ဆောင်ရွက်ရန် (ချက်ပြည်သူ့သမ္မတနိုင်ငံ)

အောက်ပါအကြံပြုချက်များမှာ မြန်မာအစိုးရ၏ ထောက်ခံမှုကိုမရရှိဘဲ**ထပ်မံ၍နားလည်အောင်ဆောင်ရွက်ရန်** လိုအပ်သည့် အကြံပြုချက်များဖြစ်သည်။

၁၄၅.၂၆။ သက်ဆိုင်ရာနိုင်ငံများ၊ နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်၊ ရခိုင်ပြည်နယ်ရှိ အခြေအနေကို အောက်ခြေပြဿနာများအထိဖြေရှင်းရန်၊ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတို့အား တိုက်ဖျက်ရန် (ထိုင်း)

၁၄၅.၂၅။ ဆုံးဖြတ်ချက်အမှတ် ၁၆၁၂ ကို အကောင်အထည်ဖော်မှု တိုးတက်စေရန်အတွက် ကလေးစစ်သားဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ ILO နှင့် အတူတကွလုပ်ဆောင်ရေး ဆက်လက်ဦးစားပေးသွားရန် (နယူးဇီလန်)

၂၀၁၆ ခုနှစ် မတ်လ ၁၇ ရက်နေ့ ကြားနာမှုအတွင်း မြန်မာအစိုးရမှာ ၎င်းတို့ လက်မခံသည့် **အကြံပြုချက် ၄၆** ခုကို ထပ်မံတင်သွင်းခဲ့သည်။

မြန်မာအစိုးရက မိမိတို့အနေဖြင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ် အသစ်လာရောက် လည်ပတ်မှုကို လက်ခံထားပြီးဖြစ်သည်ဟု ပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် အခြားသော အထူးလုပ်ထုံးလုပ်နည်း ဆိုင်ရာ အခွင့်အာဏာရှိသူများ၏ မေးခွန်းထုတ်မှုများကို မြန်မာအစိုးရက စာဖြင့် ပြန်လည်ဖြေကြားခဲ့သည်။ ထိုကိစ္စအား သုံးသပ်မှုပြီးနောက် **အထူးလုပ်ထုံးလုပ်နည်းနှင့် သက်ဆိုင်သော၊ အချိန်မရွေး လာရောက်နိုင်သည့် ဖိတ်ကြားမှု နှင့်/သို့မဟုတ် အကန့်အသတ်မရှိသော ဖိတ်ကြားမှုများနှင့် သက်ဆိုင်သော** အောက်ပါ အကြံပြုချက်များကို မြန်မာအစိုးရက ထောက်ခံခဲ့ခြင်းမရှိပေ။

၁၄၄-၃၃။ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အား အကန့်အသတ်မရှိ အချိန်မရွေး လာရောက်နိုင်မည့်ဖိတ်ကြားမှု ပြုလုပ်ရန် (ဂွာတီမာလာ)

၁၄၄-၃၄။ အထူးလုပ်ထုံးလုပ်နည်း အကြောင်းအရာအလုံးအတွက် အကန့်အသတ်မရှိ အချိန်မရွေး လာရောက်နိုင်မည့် ဖိတ်ကြားမှု ပြုလုပ်ရန် (မွန်တီနီဂရိုး)

၁၄၄-၃၅။ တာဝန်ပေးခံထားရသူများ အကန့်အသတ်မရှိ အချိန်မရွေးလာရောက်နိုင်မည့် ဖိတ်ကြားမှုပြုလုပ်ရန် (ဆီနီဂေါ)

၁၄၄-၃၆။ အထူးလုပ်ထုံးလုပ်နည်းများအတွက် အကန့်အသတ်မရှိ အချိန်မရွေးလာရောက်နိုင်မည့် ဖိတ်ကြားမှု ပြုလုပ်ရန် နှင့် စောင့်ဆိုင်းနေရဆဲဖြစ်သည့် မေတ္တာရပ်ခံချက်များကို ဦးစားပေးတုန့်ပြန်ရန် (ဥရုဂွေး)

၁၄၄-၃၇။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏အထူးလုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အာဏာရှိသူများကို အကန့် အသတ်မရှိ အချိန်မရွေးလာရောက်နိုင်မည့် ဖိတ်ကြားမှု ပြုလုပ်ရန် (ဆိုက်ပရက်စ်)

၁၄၄-၃၈။ အထူးလုပ်ထုံးလုပ်နည်းများအတွက် အကန့်အသတ်မရှိ အချိန်မရွေး လာရောက်နိုင်မည့် ဖိတ်ကြားမှုပြု လုပ်ရန်နှင့် တိုင်းပြည်သို့ လာရောက်လည်ပတ်ရေး ၎င်းတို့၏ တောင်းဆိုမှုများကို အပြုသဘောဆောင်၍ လက်ခံရန်။ တာဝန်ပေးခံထားရသူများအားလုံးနှင့် လျင်လျင်မြန်မြန်၊ ပြည့်ပြည့်ဝဝနှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ရန် (လတ်ဗီးယား)

**OHCHR ၏ ဌာနေရုံးခန်း ဖွင့်လှစ်မှု**နှင့်ပတ်သက်သည့် ကိစ္စမှာ အပြန်အလှန် သဘောတူညီနိုင်မည့် သတ်မှတ်ချက်များ၊ အခြေအနေများအပေါ် အခြေခံသင့်သည်ဟု မြန်မာအစိုးရက ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် OHCHR မှ တာဝန်ရှိသူနှစ်ဦးမှာ မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသောကြောင့် OHCHR နှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ရှိနေသည်။ အောက်ပါ အကြံပြုချက်များမှာ မြန်မာအစိုးရက လက်မခံခဲ့သည့် အကြံပြုချက်များဖြစ်သည်။

၁၄၄-၃၉။ လုပ်ပိုင်ခွင့်အပြည့်နှင့်အတူ OHCHR ရုံးခန်းကို နိုင်ငံအတွင်း ဖွင့်ခွင့်ပေးရန် (အမေရိကန်ပြည်ထောင်စု)

၁၄၄-၄၀။ လုပ်ပိုင်ခွင့်အပြည့်နှင့်အတူ OHCHR ရုံးခန်းကို အလျင်အမြန်ဖွင့်လှစ်ရန် (တူရကီ)

၁၄၄-၄၁။ လုပ်ပိုင်ခွင့်အပြည့်နှင့်အတူ OHCHR ရုံးခန်း ဖွင့်လှစ်ရေး ရှေ့ရှုသော လုပ်ဆောင်မှုများကို ပိုမိုဆောင်ရွက်ရန် (ခရိုအေးရှား)

၁၄၄-၄၂။ လုပ်ပိုင်ခွင့်အပြည့်နှင့်အတူ OHCHR ရုံးခန်း စောစီးစွာဖွင့်လှစ်ရေးအတွက် အချိန်တစ်ခု သတ်မှတ်ပေးရန် (ချက်ပြည်သူ့သမ္မတနိုင်ငံ)

၁၄၄-၄၃။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်ရေးအတွက် OHCHR ရုံးခန်းဖွင့်လှစ်မှုအား ခွင့်ပြုရန် (ဟန်ဂေရီ)

၁၄၄-၄၄။ လူ့ခွင့်အရေးကို အပြည့်အဝမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ပိုင်ခွင့်အာဏာနှင့်အတူ နိုင်ငံတစ်ဝှမ်း လုပ်ငန်းများဆောင်ရွက်နိုင်မည့် OHCHR ရုံးခန်း ဖွင့်လှစ်မှုကို စီစဉ်ပေးရန် (ယူကရိန်း)

၁၄၄-၄၅။ လူ့ခွင့်အရေးကို အပြည့်အဝမြင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ပိုင်ခွင့်နှင့်အတူ နိုင်ငံတစ်ဝှမ်း လုပ်ငန်းများဆောင်ရွက်နိုင်မည့် OHCHR ရုံးခန်း ဖွင့်လှစ်မှုကို စီစဉ်ပေးရန်နှင့် ထိုကိစ္စနှင့်ပတ်သက်၍ အချိန်ကာလတစ်ခု သတ်မှတ်ပေးရန် (ဘယ်လ်ဂျီယံ)

**သေဒဏ်ပေးမှု**ကို ဆက်လက်ကျင့်သုံးခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့မှာ သမိုင်း၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတန်ဖိုးများအရ ဖြစ်တည်လာသော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၏ ပြည်တွင်းတရားစီရင်မှုအတွင်း ရှိနေသည့် ဆုံးဖြတ်ချက်ဖြစ်သည်ဟု မြန်မာအစိုးရက ပြောကြားခဲ့သည်။ ထို့ပြင် သေဒဏ်ကို စက်ဆုပ်စရာ ပြစ်မှုများအား ဟန့်တားရန် ဆက်လက်ထားရှိခြင်းဖြစ်သည်ဟု ဆိုသည်။ သို့သော်လည်း ၁၉၈၉ ခုနှစ်နောက်ပိုင်း သေဒဏ်စီရင်မှု မရှိတော့ချေ။

အောက်ပါ အကြံပြုချက်များမှာ မြန်မာအစိုးရသုံးသပ်ပြီးနောက်ပိုင်း လက်မခံခဲ့သည့် အကြံပြုချက်များဖြစ်သည်။

၁၄၄-၅၆။ သေဒဏ်ပယ်ဖျက်ရန် (ဟတီကန်) (ပိုလန်) (ဆလိုဗေးနီးယား) (စပိန်)

၁၄၄-၅၇။ မည်သည့် ကိစ္စ၊ မည်သည့်အခြေတွင်မဆို သေဒဏ်ပယ်ဖျက်ရန် (ပေါ်တူဂီ)

၁၄၄-၅၈။ သေဒဏ်ဖျက်သိမ်းရေး သုံးသပ်နေစဉ်အတွင်း သေဒဏ်ကို တရားဝင် ဆိုင်းငံ့ထားရန် (ဆီရာလီယိုနီ)

၁၄၄-၅၉။ အနာဂတ်တွင် ဖျက်သိမ်းရန် သုံးသပ်မှုနှင့်အတူ သေဒဏ်ချမှတ်မှုကို တရားဝင်ဆိုင်းငံ့ထားရန် (ဆွစ်ဇာလန်)

၁၄၄-၆၀။ သေဒဏ်ကို အပြီးအပြတ်ဖျက်သိမ်းရေး သုံးသပ်မှုနှင့်အတူ သေဒဏ်ချမှတ်မှုကို တရားဝင် ဆိုင်းငံ့ထားရန် (လူဇင်ဘတ်)

၁၄၄-၆၁။ ရာဇဝတ်မှုအားလုံးအတွက် သေဒဏ်ချမှတ်မှု ဖျက်သိမ်းရေး သုံးသပ်မှုနှင့်အတူ သေဒဏ်ကို တရားဝင် ဆိုင်းငံ့ထားရန် (ပြင်သစ်)

၁၄၄-၆၂။ ICCPR-OP2 ကို လက်မှတ်ရေးထိုးရေး သုံးသပ်မှုနှင့်အတူ သေဒဏ်ချမှတ်မှုကို တရားဝင် ဆိုင်းငံ့ထားရန် (ဩစတေးလျ)

၁၄၄-၆၃။ သေဒဏ်ချမှတ်မှုကို လုံးဝဖျက်သိမ်းရေး သုံးသပ်မှုနှင့်အတူ သေဒဏ်ကို အုပ်ချုပ်သူအမိန့်ဖြင့် ဆိုင်းငံ့ထားမှုအား ဥပဒေဖြင့် ဆိုင်းငံ့ထားမှုသို့ ပြောင်းလဲရန် (ခရိုအေးရှား)

၁၄၄-၆၄။ သေဒဏ်ဖျက်သိမ်းရေး ပထမခြေလှမ်းအဖြစ် ၁၉၈၈ ခုနှစ်ကတည်းက အုပ်ချုပ်သူအမိန့်ဖြင့် သေဒဏ်ဆိုင်းငံ့ထားမှုကို ဥပဒေအရ တရားဝင် ဆိုင်းငံ့ထားမှုသို့ ပြောင်းလဲရန် (လစ်သူယေးနီးယား)

သုံးသပ်မှုပြုလုပ်ပြီးနောက် နိုင်ငံအတွင်း နိုင်ငံရေးကို အခြေခံ၍ စိတ်ထင်တိုင်း ဖမ်းဆီးထိန်းသိမ်းမှု မရှိဟု မြန်မာအစိုးရက အခိုင်အမာပြောကြားခဲ့ပြီး၊ တည်ဆဲဥပဒေချိုးဖောက်သူများကိုသာလျှင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ အောက်ပါ အကြံပြုချက်များမှာ **နိုင်ငံရေးအကျဉ်းသားများ**နှင့်ပတ်သက်၍ မြန်မာအစိုးရက လက်မခံခဲ့သော အကြံပြုချက်များ ဖြစ်သည်။

၁၄၄-၆၅။ နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရန် (ဂျာမနီ)

၁၄၄-၆၇။ ယခင်လွှတ်ပေးမှုများတွင် မပါဝင်ဘဲ ကျန်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများ၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို လွှတ်ပေးရန် (စပိန်)

၁၄၄-၆၈။ လူ့အခွင့်အရေးကျင့်သုံးမှုအတွက် သို့မဟုတ် အစိုးရနှင့် သဘောထားမတူညီမှုကို ဖော်ပြသည့်အတွက် အကျဉ်းကျခံနေရသူများ အားလုံးကို လွှတ်ပေးရန် (ချက် ပြည်သူ့သမ္မတနိုင်ငံ)

၁၄၄-၆၉။ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ရန်နှင့် ယခင်လွှတ်ခဲ့သူများအပေါ် ထားရှိခဲ့သည့် ခြွင်းချက်များကို ဖယ်ရှားရန် (အမေရိကန်ပြည်ထောင်စု)

၁၄၄-၇၀။ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများမှ ကျန်ရှိနေသူများအားလုံးကို ပြန်လွှတ်ရန်နှင့် စိတ်ထင်တိုင်း ဖမ်းဆီးမှုလုပ်ရပ်ကို အဆုံးသတ်ရန် (ခရိုအေးရှား)

၁၄၄-၇၁။ လူ့အခွင့်အရေး ကာကွယ်သူများ၊ ကျောင်းသားများနှင့် နိုင်ငံရေးအကျဉ်းသား အားလုံးကို ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန်နှင့် နိုင်ငံရေးအမှုဖြင့် ထိန်းသိမ်းထားသူများအပေါ် တရားစွဲဆိုထားမှုကို အဆုံးသတ်ရန် (နော်ဝေ)

အချို့အသော အခြေအနေများမှလွဲ၍ **ကိုယ်ဝန်ဖျက်ချမှု**ကို ဥပဒေဖြင့် တားမြစ်ထားသောကြောင့် အောက်ပါ အကြံပြုချက်မှာ မြန်မာအစိုးရ၏ ထောက်ခံမှုကို မရရှိပေ။

၁၄၄-၄၆။ တရားမဝင် ကိုယ်ဝန်ဖျက်သောအမျိုးသမီးများအား အပြစ်ပေးအရေးယူမှုပါဝင်သည့် နိုင်ငံ၏ပြစ်မှုဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြန်လည်သုံးသပ်ရန် (နော်ဝေ)

မြန်မာနိုင်ငံတွင်မွေးဖွားသော မည်သည့်ကလေးကိုမဆို **မွေးစာရင်းသွင်းမှု**နှင့် ဆက်စပ်၍ ခွဲခြားဆက်ဆံမှုမရှိဟု မြန်မာအစိုးရက အခိုင်အမာ ပြောကြားခဲ့သည်။ ထို့ကြောင့် မွေးစာရင်းသွင်းခြင်းနှင့် သက်ဆိုင်သည့် အောက်ပါ အကြံပြုချက်များမှာ မြန်မာအစိုးရ၏ ထောက်ခံမှုကို မရရှိခဲ့ပေ။

၁၄၄-၅၂။ မြန်မာနိုင်ငံတွင်မွေးဖွားသော ကလေးများအားလုံးကို ခွဲခြားဆက်ဆံမှုမရှိဘဲ စာရင်းသွင်းရေးနှင့်ပတ်သက်၍ ထိရောက်သောဆောင်ရွက်မှုများအတွက် အားထုတ်ကြိုးပမ်းမှုများကို ခိုင်မာမာဆောင်ရွက်ရန် (အလယ်ဘေးနီးယား)

၁၄၄-၅၃။ နိုင်ငံအတွင်းမွေးဖွားသည့် ကလေးများအား ခွဲခြားဆက်ဆံမှုမရှိဘဲ ထိရောက်သောစာရင်းသွင်းရေးလုပ်ငန်း ဆောင်ရွက်ရန်နှင့် သက်သေခံအထောက်အထားတွင် လူမျိုးဖော်ပြချက်အားလုံးကို ဖယ်ရှားရန် (ပါရာဂွေး)

၁၄၄-၅၄။ မည်သည့် တိုင်းရင်းသားမျိုးနွယ်မှမဆို နိုင်ငံအတွင်း မွေးဖွားသူအားလုံးကို ခွဲခြားမှုမရှိဘဲ ကလေးအခွင့်အရေး သဘောတူညီချက် အပိုဒ် ၇ နှင့်အညီ ထိထိရောက်ရောက် စာရင်းသွင်းရန် (ကနေဒါ)

မြန်မာနိုင်ငံသား ဖြစ်လိုသူများအနေဖြင့် နိုင်ငံသားအဖြစ် လျှောက်ထားခွင့်နှင့် နိုင်ငံသားအဖြစ် သတ်မှတ်ရေး ပွင့်လင်း မြင်သာသော လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ရှိသည်ဟု မြန်မာအစိုးရက အခိုင်အမာ ပြောကြားခဲ့သည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတွင် ဖော်ပြထားသော သတ်မှတ်ချက်များနှင့် ကိုက်ညီသောသူမျးကို နိုင်ငံသားအဖြစ် သတ်မှတ် ခဲ့ပြီးဖြစ်သည်။ ယာယီသက်သေခံကဒ်များကို နိုင်ငံသားဖြစ်မှုအခြေအနေ စီစစ်ရခြင်းမရှိသေးသူများကို ထုတ်ပေးခြင်း ဖြစ်သည်။ **နိုင်ငံသားဖြစ်မှု**နှင့် သက်ဆိုင်သည့် အောက်ပါ အကြံပြုချက်များကို မြန်မာနိုင်ငံက လက်ခံခဲ့ခြင်းမရှိပေ။

၁၄၄-၈၆။ ၎င်းတို့၏ လူအခွင့်အရေးကို လေးစားခြင်း၊ နိုင်ငံတကာ စံနှုန်းများနှင့်အညီ နိုင်ငံသားဖြစ်ခွင့် ငြင်းပယ်မခံရရေး သို့မဟုတ် ခွဲခြားဆက်ဆံမခံရရေးတို့ကို သေချာစေခြင်းအားဖြင့် ဘာသာရေးနှင့် တိုင်းရင်းသားလူနည်းစုများ၏ အခြေအနေကို မြှင့်တင်ပေးရန် (ပေါ်တူဂီ)

၁၄၄-၈၇။ တရားဝင်အထောက်အထားမရှိသော သို့မဟုတ် “အစိမ်းရောင် ” ကဒ်ကိုင်ထားသော သူများအတွက် နိုင်ငံသားစီစစ်ရေးလုပ်ငန်းစဉ်ကို အပြီးသတ်ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ၏ **နိုင်ငံသားဖြစ်ခွင့်**စံနှုန်းနှင့် မကိုက်ညီသော သူများ၏နေထိုင်ခွင့်ကို တရားဝင်စေရေး ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်တစ်ခု ဖော်ဆောင်ရန် (ဆွစ်ဇာလန်)

မြန်မာအစိုးရက နိုင်ငံအတွင်း လွတ်လပ်စွာ လှုပ်ရှားသွားလာမှုအပေါ် မည်သည့်ကန့်သတ်ချက်မှ မရှိဟု အခိုင်အမာ ပြောကြားခဲ့သည်။ ထို့ကြောင့် **လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်**နှင့် သက်ဆိုင်သည့် အောက်ပါ အကြံပြုချက်မှာ မြန်မာနိုင်ငံ၏ ထောက်ခံမှုကို မရရှိခဲ့ပေ။

၁၄၄-၇၉။ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် ကန့်သတ်ချက်များနှင့် ဒေသန္တရအမိန့်များကိုပယ်ဖျက်ရန် (ဒီဘောက်တီ)

လူမျိုး၊ ဘာသာနှင့် လိင်ကိုအခြေခံ၍ ခွဲခြားဆက်ဆံမှုများ မရှိဟု မြန်မာအစိုးရက အခိုင်အမာ ပြောကြားခဲ့သည်။ ထို့ကြောင့် လူမျိုး၊ ဘာသာနှင့် လိင်အပေါ် အခြေခံ၍ **ခွဲခြားဆက်ဆံမှုများ**နှင့် သက်ဆိုင်သည့် အောက်ပါအကြံပြုချက်များကို မြန်မာနိုင်ငံက လက်ခံခဲ့ခြင်းမရှိပေ။

၁၄၄-၂၈။ မြန်မာနိုင်ငံတွင်အထူးသဖြင့်တိုင်းရင်းသားလူနည်းစု၊ဘာသာရေးလူနည်းစု၊ လူမျိုးစုငယ်များ နှင့်ထိခိုက်ခံစားလွယ်သည့် အုပ်စုများအတွက် လူ့အခွင့်အရေးအခြေအနေ မြှင့်တင်ရေးကို ရှေ့ရှုသောလုပ်ဆောင်မှုများကို ပိုမိုဆောင်ရွက်ရန် (ဘာရိန်း)

၁၄၄-၄၇။ တိုင်းရင်းသားလူနည်းစုများ ရင်ဆိုင်နေရသည့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး လိုအပ်သော ဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးကို ခံစားနိုင်ရေးနှင့် ဘာသာရေးလွပ်လပ်ခွင့် စသည်တို့ကို အသေအချာ ကာကွယ်ပေးရန် (မက္ကဆီကို)

၁၄၄-၄၈။ လူနည်းစုများ၊ အထူးသဖြင့် တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံး ပပျောက်ရေးအတွက် ဥပဒေပိုင်းနှင့် လက်တွေ့ပိုင်းတို့တွင် လိုအပ်သော ဆောင်ရွက်မှုများ ပြုလုပ်ရန် (ပြင်သစ်)

၁၄၄-၄၉။ မြန်မာနိုင်ငံရှိ မွတ်စလင်များ၊ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများ အပေါ် ခွဲခြားဆက်ဆံမှု၊ အမုန်းတရားဖြန့်ဖြူးမှု ပြန့်နှံ့နေခြင်းကို ဖြေရှင်းရေး ဥပဒေပြဋ္ဌာန်းရန် (နိုက်ဂျီးရီးယား)

၁၄၄-၅၀။ အမျိုးသားရေး အစွန်းရောက်ဝါဒကို တတ်နိုင်သမျှ ထိထိရောက်ရောက် တိုက်ဖျက်ရေး သင့်လျော်သလို ဆောင်ရွက်ရန် (ဒီဘောက်တီ)

၁၄၄-၅၁။ လူနည်းစုဝင်များအား ပစ်မှတ်ထားသည့် သည်းမခံမှုနှင့် အမုန်းစကားပုံစံအားလုံးကို တိုက်ဖျက်ရေး လိုအပ်သောဆောင်ရွက်မှုများ ပြုလုပ်ရန် (အလ်ဂျီးရီးယား)

၁၄၄-၇၈။ လူနည်းစုဝင်များနှင့် အထူးသဖြင့်သက်ဆိုင်သည့် လက်ထပ်ထိမ်းမြားမှု ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ရန် (ဗာတီကန်)

၁၄၄-၈၅။ မြန်မာနိုင်ငံရှိ မွတ်စလင်လူနည်းစုများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရေး ပိုမိုကြိုးပမ်းအားထုတ်ရန် (အိုမန်)

**ပုဂ္ဂလိက ကုမ္ပဏီများက မြေယာများ အတင်းအကျပ်သိမ်းယူမှု**နှင့် သက်ဆိုင်သည့် အောက်ပါအကြံပြုချက်ကို မြန်မာအစိုးရက လက်ခံခဲ့ခြင်းမရှိဘဲ ထိုကဲ့သို့ ဥပဒေမျိုးလည်း မရှိဟု ပြောကြားခဲ့သည်။

၁၄၄-၈၈။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက မြေယာများအားအတင်းအကျပ်သိမ်းယူခြင်းကို ခွင့်ပြုထားသောဥပဒေများကို ပြင်ဆင်ရန်၊ သို့မှသာ ခိုင်မာသည့်အကာအကွယ်ပေးမှု လုပ်ထုံးလုပ်နည်းနှင့်အတူ လိုအပ်သော၊အချိုးကျသော၊ ပြည်သူ့အကျိုးစီးပွားကို ထိခိုက်မှုအနည်းဆုံးသောအခြေအနေများတွင်မှ မြေယာသိမ်းယူမှုကိုခွင်ပြုသည့်ဥပဒေ ပေါ်ထွက်မည်ဖြစ်သည်။ (နယ်သာလန်)

**အောက်ပါအကြံပြုချက်မှ ပထမပိုင်းကို အမျိုးသမီးများအား စွမ်းအားမြှင့်တင်ပေးမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်မူဝါဒနှင့် ကိုက်ညီသောကြောင့် မြန်မာအစိုးရက လက်ခံခဲ့သော်လည်း ကျန်ရှိသည့် အစိတ်အပိုင်းကိုမူ အမိန့်ပေးညွှန်ကြားသည့်သဘော ပါဝင်နေခြင်း၊ ပြည်တွင်းဥပဒေနှင့် နိုင်ငံ၏ အုပ်ချုပ်မှုကို ဝင်ရောက်စွက်ဖက်နေခြင်းတို့ကြောင့် လက်ခံခဲ့ခြင်းမရှိပေ။**

၁၄၄-၇၂။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးရေးဥပဒေတွင်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိစ္စပါဝင်ရန် ပြင်ဆင်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် စစ်တပ်က အရေးယူမခံရမှုကို ဖယ်ရှားခြင်း၊ သမ္မတရုံးတွင် ကျား၊မရေးရာအကြံပေးတစ်ဦး ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီး

များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရန် (ဂရိတ်ဗြိတိန်နှင့် မြောက်အိုင်ယာလန် ဘုရင့်နိုင်ငံ (ယူကေ))

**အစိုးရသစ်နှင့် သက်ဆိုင်သည့်** အောက်ပါ အကြံပြုချက်မှာလည်း ထိုစဉ်က မြန်မာအစိုးရ၏ ထောက်ခံမှုကို မရရှိခဲ့ပေ။

၁၄၄-၃၂။ နိုဝင်ဘာ ၈ ရက်နေ့ ရွေးကောက်ပွဲမှ ပေါ်ထွက်လာမည့် အစိုးရသစ်အနေဖြင့် လူ့အခွင့်အရေးကောင်စီ၊ ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်အဖွဲ့များ၏အကြံပြုချက်များကို အကောင်အထည်ဖော်ရေးအတွက် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (လမ်းပြမြေပုံ) ချမှတ်ရန် (ကော်စတာရီကာ)

### ၃.၃။ မြန်မာနိုင်ငံရှိ အခြားသော အဓိက ပြဿနာများ

အောက်ပါ ပြဿနာများမှာ နိုင်ငံတိုင်းအလှည့်ကျအစီရင်ခံသည့်လုပ်ငန်းစဉ်၏ ယခုတစ်ကြိမ်တွင် တင်ပြခဲ့သည့် မည်သည့်အကြံပြုချက်တွင်မှ တိုက်ရိုက်ဖော်ပြခြင်း မခံရသော ပြဿနာများဖြစ်သည်။

- အလုပ်သမားအခွင့်အရေးများ
- ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့ မိသားစုများ၏ အခွင့်အရေးများ
- မြေမြှုပ်မိုင်းများ ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ခြင်း
- ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သည့် ကိစ္စများ
- သဘာဝသယံဇာတများအား အညီအမျှ ခွဲဝေပေးရေး၊ စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် ကိစ္စများ
- လက်ရှိဆောင်ရွက်နေသည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေမူကြမ်း/ဥပဒေ
- ရေအရင်းအမြစ်နှင့် စနစ်များ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် ကိစ္စများ

**ကိုးကား**

၁http://www.un.org/en/documents/udhr/

၂Human Rights Council Resolution 1992/58; http://www.ohchr.org/EN/HRBodies/SP/Pages/Countries.aspx